# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် ၂၀၂၂ ခုနှစ်၊ မေ ၅ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၁၈၇)


# ဘူမိဖသမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း (၁) အား ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၄

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်တော်တွင် တည်ထားပူဇော်မည့် ဘူမိဖသမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း (၁) အား ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာအနီး၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မဓေ္ဓကာရာမကျောင်းတိုက်၊ ရတနာပုံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီဟနာဒနှင့် ငါန်းဇွန်မြို့နယ်၊ သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ မာဏိတတို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ


စာမျက်နှာ ၃ ကော်လံ ၁ ❖




ဘူမိဖသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။ သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၄

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ၏ အရှိန်ကြောင့် ၄-၄-၂၀၂၂ ရက်နေ့မှ ၇-၄-၂၀၂၂ ရက်နေ့အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။ မိုး/ဇလ

## မာတိကာ

**တိုင်းပြည်အတွက် အသက်ပေးသွားသည့် အညတရရဲဘော် သို့မဟုတ် အောင်ဆန်းသူရိယလှသောင်း**


ရည်ညွှန်းဖတ်စရာ စာမျက်နှာ - ၉


**မကြားလိုသော အမုန်းစကား**


ဆောင်းပါး စာမျက်နှာ - ၂၂

မြန်မာ့အလင်း

# ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်များ

အများပြည်သူသွားလာသည့် လမ်းများပေါ်မှ အတားအဆီး၊ အပိတ်အဆို့၊ အမှိုက်သရိုက်များကို မြို့နယ်များအလိုက် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ တာဝန်သိပြည်သူများ ပူးပေါင်း၍ လူအင်အား၊ ယန္တရားအင်အားတို့ဖြင့် ဖယ်ရှားရှင်းလင်းလျက်ရှိကြသည်။ သို့ဖြင့် အနိဋ္ဌာရုံမြင်ကွင်းများ လျော့ပါးပျောက်ကွယ်သွားသလို သွားလမ်းသာ၍ လာလမ်းလည်း ဖြောင့်သွားကြသည်။ ဆူပူမှုများ မရှိတော့သည့်အခါ ဖြေလျှော့ရှင်းလင်းမှုများလည်း မရှိတော့။ အကြမ်းဖက်မှုများ မရှိသည့်နေရာများတွင် ဖြို့ခွင်းနှိမ်နင်းမှုများလည်း မရှိ။

ဈေးများ ပုံမှန်ပြန်လည်ဖွင့်လှစ်လာသည့်အခါ ဈေးရောင်းဈေးဝယ်များ၊ ဈေးသွားဈေးပြန်များနှင့် ဆိုင်များ၊ လမ်းများ သက်ဝင်လှုပ်ရှားလာသည်။ စည်ကားလာသည်။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ ၊ စတိုးဆိုင်များ ၊ ကုန်တိုက်များ ပုံမှန်ဖွင့်လှစ်လာနိုင်သည့်အခါ ရောင်းသူ ဝယ်သူ စားသုံးသူများနှင့် နေ့စဉ်လူမှုဘဝများက နေသားတကျ ပုံစံဝင်လာနေသည်။ ဈေးများ၊ ဆိုင်များ ဖွင့်လှစ်ခြင်း၊ ရောင်းဝယ်ဖောက်ကားစားသုံးကြခြင်းက စီးပွားရေးယန္တရားတစ်ခု လည်ပတ်နေသည့် ပြယုဂ်ပင်ဖြစ်သည်။ ဆိုင်တစ်ဆိုင်၏ လည်ပတ်မှုနောက်ကွယ်တွင် အခြားဆက်စပ်နေသည့် လုပ်ငန်းများ၊ ယင်းလုပ်ငန်းများနှင့် မှီခိုနေသူ၊ အသက်မွေးနေသူများလည်း ကွင်းဆက်သဖွယ် ရှိနေကြသည့်အတွက် ပုံမှန်ရောင်းဝယ်ဖောက်ကားနိုင်ဖို့က အရေးကြီးသည်။ ပြီးခဲ့သည့် နှစ်တစ်နှစ်လုံးသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် အတားအဆီး၊ အကန့်အသတ်များပြုလုပ်ခဲ့ရသည့်အတွက် နိုင်ငံ့စီးပွားရေးမှာ များစွာ အထိနာခဲ့ရသည်။ ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုပြုလုပ်လာနိုင်ခဲ့ပြီး ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် ထိန်းချုပ်ထားနိုင်သည့် အခြေအနေကောင်းတစ်ရပ် ရရှိထားသော်လည်း ဆူပူအုံကြွအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာသည့်အခါ နဂိုကမှ အထိနာနေသည့် စီးပွားရေးလုပ်ငန်းကြီးငယ်တို့ ထပ်ဆင့် အထိနာကြရပြန်သည်။ သို့ဖြစ်ရာ ပြည်သူတို့၏ စားဝတ်နေရေးနှင့်နေ့စဉ်ဘဝများ ပုံမှန်အတိုင်း ပြန်လည်ရရှိနိုင်ရေးတို့အတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့သည် လတ်တလောလိုအပ်ချက်များဖြစ်သည်။

သို့ရာတွင် ဆူပူအုံကြွမှုများ တစ်စတစ်စ လျော့ပါးလာခြင်း၊ အေးချမ်းတည်ငြိမ်မှုများ ပြန်လည်ရရှိလာခြင်းတို့ကို မလိုလားသူများ၊ အဖျက်အမှောင့်ပြုလိုသူများ၊ ပျက်စီးရာ ပျက်စီးကြောင်းနှင့် အနိဋ္ဌာရုံကိုသာ မျက်မှောက်ပြုလိုသူများက ရှိနေဆဲဖြစ်ရာ လူမှုကွန်ရက်များမှတစ်ဆင့် မြှောက်ပင့်သွေးခွဲ ရန်တိုက်ပေးနေဆဲ၊ အတိုက်ပေးအိပ်မက်ပေးလုပ်နေဆဲ၊ မမှန်မကန် သတင်းများဖြင့် ဖြစ်မလာနိုင်သည့် မျှော်လင့်ချက်များ ပေးနေဆဲ၊ ဆဲရေး တိုင်းထွာ ခြိမ်းခြောက်နေဆဲ၊ ပြည်သူအချင်းချင်း သတ်ဖြတ်ကြရန် လှုံ့ဆော်နေဆဲဖြစ်သည်။ တစ်ဖက်တွင်လည်း အကြမ်းဖက်အဖျက်အမှောင့်သမားတို့က မီးရှို့မှု၊ ဖောက်ခွဲမှု၊ လူသတ်မှုတို့ကို လက်တွေ့ကျကျ ကျူးလွန်နေကြဆဲဖြစ်ရာ ဒေသတွင်း တည်ငြိမ် အေးချမ်းမှုရရှိရန်အတွက် အဖျက်အမှောင့်တို့ ကင်းစင်ရန် လိုအပ်သည်။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းစ ဒီမိုကရေစီအတွေ့အကြုံ အလေ့အထတို့ နုနယ်သေးသည့်နိုင်ငံဖြစ်သည်။ ပါတီကြီးတစ်ခု၏ လွှမ်းမိုးမှု၊ ငါနှင့်မတူငါ့ရန်သူဟူသော အယူအဆ၊ လိုသလို မဖြစ်သည့်အခါ အကြမ်းဖက်ကြရန်၊ လူသတ်ကြရန်၊ မီးရှို့ကြရန်၊ ဖျက်ဆီးကြရန် လှုံ့ဆော်မှုများနှင့် ကာယကံမြောက် ကျူးလွန်မှုများက ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်များသာဖြစ်ပြီး ဒီမိုကရေစီကို ဖျက်လိုဖျက်ဆီး ပြုလုပ်နေမှုများသာ ဖြစ်သည်။ စစ်မှန်သောဒီမိုကရေစီ တည်တံ့နိုင်မြဲရန်အတွက် အပြုသဘောဆောင်သည့် ကောင်းမြတ်သော စိတ်နေသဘောထားများဖြင့်သာ စည်းလုံးညီညွတ်၊ စည်းကမ်းသေဝပ်စွာ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။




### လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် မေ ၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် ထုဆစ်ပူဇော်မည့် ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို နေပြည်တော်သို့ ပင့်ဆောင်လာစဉ်။ သတင်းစဉ်

❖ ရွှေဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညွန့်ဖေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

### ရွတ်ပွားချီးမြှင့်တော်မူ

ဦးစွာ ရတနာပုံကျောင်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက မေတ္တာပို့ဂါထာတော်များဖြင့် ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)အား ရတနာပုံကျောင်းဆရာတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

### လက်ဆယ်ဖြာဦးထိပ်ထား

ယင်းနောက် ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)အား ပင့်ဆောင်ရန်အတွက် ဥပါသကာများနှင့် ဝတ်အသင်းများ နေရာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီး ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ တန်ချိန် (၁၀၉၀) ရှိ ရုပ်ပွားတော်ကျောက်တုံးတော်ကြီး အပိုင်း (၁) နှင့် ၎င်းကျောက်တုံးတော်ကြီးအား သယ်ပိုးထမ်းဆောင်ထားသော သံမဏိသံပြားစင် (၆၂)တန်၊ စုစုပေါင်း တန်ချိန် (၁၁၅၂) တန်ကို တင်ဆောင်ထားသည့် Modular Trailer များသည် မင်္ဂလာအချိန်တွင် နေပြည်တော်သို့ စတင်ပင့်ဆောင်ပူဇော်သည်ကို ရတနာပုံကျောင်းဆရာတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က လက်ဆယ်ဖြာ ဦးထိပ်ထား၍ ကြည်ညိုကြသည်။

### ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုး

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

အဆိုပါ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဖြစ် ထုဆစ်ပူဇော်မည့် ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများ စုစုပေါင်း ၁၆ ပိုင်းကို ဆီမီးခုံ ဆိပ်ကမ်းမှ နေပြည်တော်သို့ ၇ ခေါက်ခွဲ၍ ပင့်ဆောင်ရမည်ဖြစ်ပြီး ယခုအကြိမ်သည် ဆဋ္ဌမအကြိမ်မြောက် ပင့်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် Angelo Mining Company မှ စကျင်ကျောက်တော်ကြီး အလှူရှင် ဦးအောင်နိုင်သန်း၊ မန္တလေးမြို့သာ စက်မှုဇုန်စီမံကိန်း ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ရေဝတီမြစ်ရေကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးတို့နှင့် ပတ်သက်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

### ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှိ မကွေးမြို့ကျက်သရေဆောင် မကွေးမြသလွန်ဘုရားသို့ သွားရောက်ဖူးမြော် ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ထို့နောက် ဘက်စုံအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး မွေ့လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား လာရောက်ဖူးမြော်ကြည်ညို နေကြသည့် ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် အထက်စက်တော်ရာသို့ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ တက်ရောက်ဖူးမြော်နိုင်ရေး ဓာတ်လှေကားတည်ဆောက်နေမှု အခြေအနေများအား ယခုနှစ် ဘုရားပွဲတော်အမီ ပြီးစီးအောင် တည်ဆောက်နိုင်ရေးနှင့် ဘုရားပရိဝုဏ်သန့်ရှင်းသာယာလှပမှု ရှိစေရေးတို့နှင့် ပတ်သက်၍ ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

### ထိန်းသိမ်းဆောင်ရွက်

အဆိုပါ မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား သာသာဝဘောအန္တရာယ်ဒဏ် ခံနိုင်ရန်၊ ရေရှည်တည်တံ့ ခိုင်မြဲစေရန်နှင့် ဘုရားဖူးလာပြည်သူများ ရာသီမရွေး လာရောက်ဖူးမြော်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြီးမှူး၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အမြင့် ၅ ပေ၊ အထု ၃ လက်မ၊ အလေးချိန် ၃ တန်ရှိ အလင်းပေါက်ဖန်အုပ်ဆောင်းကို လှူဒါန်းပူဇော်ခဲ့ကြခြင်း ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၄

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏ တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူထိန်းသိမ်း ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံတော်ကို နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ နံနက်ပိုင်းတွင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

တည်ငြိမ်အေးချမ်းရန်လို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အထိ တပ်မတော်အနေဖြင့် ဖြစ်ပေါ်လာသော အခြေအနေများအရ နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူဆောင်ရွက်ခဲ့ရသည်မှာ နှစ်လကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယခုအခြေအနေသို့ မရောက်ရှိမီကာလများအတွင်း မိမိအနေဖြင့် တပ်နယ်အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းပြောဆိုမှုများ လုပ်ဆောင်ခဲ့ကြောင်း၊ တိုင်းပြည်တစ်ခု တိုးတက်ရန်အတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်အတွက် ပါတီစုံဒီမိုကရေစီစနစ်မှန်ကန်ပါက အေးချမ်းမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီတွင် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူက ရွေးချယ်ခြင်းဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့်

> “ရွေးကောက်ပွဲပြုလုပ်ပြီး မဲရလဒ်များထွက်ပေါ်လာသည့်အချိန်တွင် မသင်္ကာဖွယ်ရာရလဒ်များ ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရ၊ စစ်ဆေးခဲ့ရာတွင်လည်း စုစုပေါင်း သံသယဖြစ်ဖွယ် မဲမသမာမှု ၁၀ သန်းကျော်အထိ ရှိခဲ့သည်ကို တွေ့ရှိရ၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန်အထိ ကြိုးပမ်းလာမှုများကိုပါ လုပ်ဆောင်လာခဲ့၊ ထို့ကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ်ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူထိန်းသိမ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိ”




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။ သတင်းစဉ်

လုပ်ဆောင်ပါက ကောင်းမွန်မည်ဖြစ်ပြီး မှန်ကန်မှု မရှိပါက အတိုက်အခံများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမျှတပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

အဓိကထား ဦးတည်၍ပြောကြားခဲ့

ရွေးကောက်ပွဲ မတိုင်မီကာလများကို ပြန်လည်လေ့လာကြည့်ပါက ပါတီမဲဆွယ်စည်းရုံးရေးများ လုပ်ဆောင်ရာတွင်လည်း ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ တရားမျှတမှုများ မရှိခဲ့သည်ကို သံသယဖြစ်စရာများ တွေ့ရှိရကြောင်း၊ ပါတီ၏ မူဝါဒများကြေညာ၍မဲဆွယ်စည်းရုံးရာ၌ပင် ဆင်ဆာဖြတ်တောက်မှုများရှိလာခဲ့ပြီး COVID-19 အကြောင်းပြ၍ အမိန့်မျိုးစုံထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ဆောင်ရွက်ပေးရန် ကြိုးသည့်နေရာတိုင်းတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး လုပ်ဆောင်ပေးရန် အဓိကထား ဦးတည်၍ ပြောကြားခဲ့ကြောင်း။

NCA ချုပ်ဆိုနိုင်သည်အထိ လုပ်ဆောင်နိုင်

ဒီမိုကရေစီအစိုးရသက်တမ်း ပထမ ၅ နှစ်အတွင်း လုပ်ဆောင်ခဲ့သည့် သမ္မတ ဦးသိန်းစိန်အစိုးရသည် အထိုက်အလျောက်အောင်မြင်မှုများ ရရှိအောင် လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ တပ်မတော်နှင့် လက်တွဲ၍ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး လေးနှစ်အတွင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ချုပ်ဆိုနိုင်သည်အထိ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင်

စာမျက်နှာ ၅ သို့

# ''မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ နေထိုင်ပြောဆိုလုပ်ကိုင်မှုများမှတစ်ဆင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်သဖြင့် တစ်ဦးချင်းစွမ်းရည်မြှင့်မားစေရေး လေ့ကျင့်ရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရမည်ဖြစ်''

*စာမျက်နှာ ၄ မှ*

အသစ်တက်လာသည့် အစိုးရသည် ပြည်သူလူထု မျှော်လင့်ထားသည့်အတိုင်းအတာအထိ စွမ်းဆောင်မှုများ မလုပ်ဆောင်နိုင်ခဲ့သည့်အပြင် ဥပဒေနှင့် မလျော်ညီသည့် လုပ်ဆောင်မှုများကို လုပ်ဆောင်ခဲ့သည်ကိုပင် တွေ့ရှိလာရကြောင်း။

အရေးပေါ်အခြေအနေအဖြစ် ကြေညာ

ထို့ကြောင့် ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရခြင်းကို စိတ်ပျက်လာကြပြီး မဲမပေးကြရေး လှုံ့ဆော်မှုများကို လုပ်ဆောင်လာခဲ့ကြကြောင်း၊ ဒီမိုကရေစီစနစ်တွင် မဲမပေးပါက မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများ နစ်နာမည်ဖြစ်သဖြင့် မိမိအနေဖြင့် ရောက်သည့်နေရာတိုင်းတွင် အားလုံး ဆန္ဒမဲပေးကြစေရေးနှင့် မိမိဒေသနှင့် တိုင်းပြည်ကို အကျိုးပြုနိုင်မည့်သူ၊ ဥပဒေကို နားလည်မည့်သူ၊ စေတနာထား၍ အုပ်ချုပ်နိုင်မည့်သူကို ရွေးချယ်မဲပေးကြစေရေး အမြဲတိုက်တွန်းပြောဆိုခဲ့ကြောင်း။ ရွေးကောက်ပွဲပြုလုပ်ပြီး မဲရလဒ်များထွက်ပေါ်လာသည့် အချိန်တွင် မသက်ဘွယ်ရာရလဒ်များ ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ စစ်ဆေးခဲ့ရာတွင်လည်း စုစုပေါင်း သံသယဖြစ်ဖွယ် မဲမသမာမှု ၁၀ သန်းကျော်အထိ ရှိခဲ့သည်ကို တွေ့ရှိ ရကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန်အထိ ကြိုးပမ်းလာမှုများကိုပါ လုပ်ဆောင်လာခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ်ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏ တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူ ထိန်းသိမ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းများကြီးမားစွာမှားယွင်းမှုဖြစ်ပေါ်ခဲ့ခြင်းသည် ဒီမိုကရေစီကို ပြက်ရယ်ပြုခြင်း၊ စော်ကားခြင်းဖြစ်သဖြင့် မည်သို့မျှ လက်ခံ၍ ရနိုင်မည်မဟုတ်ကြောင်း၊ လက်ရှိအချိန်တွင် အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စု



ပြည်ထောင်စုဝန်ကြီး ဦးညွန့်ဖေ မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးဝန်ထမ်းများအား တွေ့ဆုံစဉ်။
သတင်းစဉ်

ရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းများကို မြို့နယ်တစ်ခုချင်းစီအလိုက် အသေးစိတ်စစ်ဆေးလျက်ရှိပြီး စစ်ဆေးမှုများအားလုံးပြီးစီးပါက ပေါင်းချုပ်စာရင်းကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှုများကိုလည်း စစ်ဆေးတွေ့ရှိရသဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံတိုးတက်စေရေးအတွက် ဦးတည်ချက် ၉ ရပ် ချမှတ်ကာ လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်၏ အဓိက လုပ်ငန်းတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး စွမ်းရည်စွမ်းအားနှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တပ်မတော်၏ဂုဏ်ကို မြှင့်တင်

မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ နေထိုင်ပြောဆိုလုပ်ကိုင်မှုများမှတစ်ဆင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်သဖြင့် တစ်ဦးချင်းစွမ်းရည်မြှင့်မားစေရေး လေ့ကျင့်ရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြှင့်မားရေးအတွက်လည်း လုပ်သင့်လုပ်ထိုက်သည့် ကိုယ်လက်လှုပ်ရှားအားကစားနှင့် စာပေဖတ်ရှုလေ့လာခြင်းများကို မိမိသာမက မိမိ၏ မိသားစုများကိုပါ လုပ်ဆောင်တတ်စေရန် လေ့ကျင့်တိုက်တွန်းကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းစနစ်တကျရှိပြီး အမိန့်နာခံတတ်သည့် တပ်မတော်ဖြစ်သည်နှင့်အညီ ညီညွတ်မျှတသည့် အုပ်ချုပ်မှုအဆင့်ဆင့် ရှိရမည်ဖြစ်ပြီး လူမှုရေးအရနှင့် အုပ်ချုပ်ရေးအရ အုပ်ချုပ်ခြင်းကို ခွဲခြားသိမြင်ကာ ဦးဆောင်ဦးရွက်ပြုနိုင်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်သည် မကွေးတပ်နယ်ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံ၍ လက်ရှိ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ တပ်မတော်မှ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က စားသောက်ဖွယ်ရာများကို ပေးအပ်ရာ လေတပ်စခန်း ဌာနချုပ်မှူးက လက်ခံရယူခဲ့ကြသည်။

ဝိုင်းဝန်းကူညီဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညွန့်ဖေသည် မကွေးတက္ကသိုလ်နှင့် မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ပညာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ COVID-19 ရောဂါဖြစ်ပေါ်မှုကြောင့် ကျောင်းများပိတ်ထားရသဖြင့် တိုင်းပြည်နစ်နာသည်သာမက မိဘများနှင့် ကာယကံရှင်ကျောင်းသား၊ ကျောင်းသူများပါ နစ်နာသဖြင့် မကြာမီတွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများကို စနစ်တကျထိန်းသိမ်းထားရှိရန်နှင့် လိုအပ်သည့်များကို တင်ပြတောင်းခံသွားရန်လိုအပ်သည့် အခြေအနေများ၊ လက်ရှိတွင် ဆရာ၊ ဆရာမများကို အဆင့်မြှင့်တင်ရေးသင်တန်းများ ပို့ချပေးလျက်ရှိသည့် အခြေအနေများ၊ မိမိတို့တာဝန်ကျသည့် ကျေးရွာများ၌ လျှပ်စစ်မီးမရ၊ ရေမရသည့်နေရာများဖြစ်ပါက ဆိုလာစနစ်ဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရေး တင်ပြကြရန်နှင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

အလားတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည်လည်း မကွေးတိုင်းဒေသကြီးရှိ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူ့ဆေးရုံကြီးတို့မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံ၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်ပေးသွားရန်လိုအပ်သည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ကြောင်းနှင့် အသစ်ထပ်မံဆောက်လုပ်ထားရှိသည့် ဆေးရုံသစ်ကြီးအား လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မကွေးတိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။
သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညွန့်ဖေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦး၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်လွင် က မကွေးတိုင်းဒေသကြီး အတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

### စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရ

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အနှစ်သာရဖြစ်ပြီး မိမိတို့ငယ်စဉ်က အတန်းပညာ သင်ကြားစဉ်ကပင် အတန်းခေါင်းဆောင်ရွေးချယ်ခန့်ထားရာ၌ အများ၏ဆန္ဒဖြင့် ရွေးချယ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်ခြင်းသည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်ခြင်းဖြစ်သဖြင့် ပိုမိုအရေးကြီးပါကြောင်း၊ ယခင် တပ်မတော်အစိုးရလက်ထက် တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီ မကူးပြောင်းမီ ကာလများတွင် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီ ကျင့်သုံးပုံများကို လေ့လာပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက်ပြည်သူတို့လိုလားတောင့်တသည့် ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲပြီးနောက် သမ္မတ ဦးသိန်းစိန် လက်ထက်တွင် နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် တိုးတက်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီမိုကရေစီစနစ်ကို စတင်လျှောက်လှမ်းခဲ့ခြင်းဖြစ်သဖြင့် ဒီမိုကရေစီစနစ်နှင့် ပတ်သက်၍ နားလည်သိရှိနိုင်ရန် လိုအပ်မှုများ ရှိခဲ့ပါကြောင်း။

### ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ပေးခဲ့

၂၀၁၂ ခုနှစ်တွင် အတိုက်အခံပါတီအဖြစ် ရပ်တည်နေသော NLD ပါတီကို ရွေးကောက်ပွဲ ဝင်ရောက်နိုင်စေရေး ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ပေးခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရသစ်တစ်ရပ် တက်လာခဲ့ပြီး ၅ နှစ်တာ သက်တမ်းအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံတွင် ပြည်သူလူထု မျှော်လင့်ထားသည့် အတိုင်းအတာထိ၊ ထိုက်သင့်သည့် တိုးတက်မှုများဖြစ်အောင် လုပ်ဆောင်နိုင်ခြင်းမရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ပါကြောင်း။

### အတင်းအဓမ္မကြံစည် ကြိုးပမ်းလာ

ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်ခဲ့ရာတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသဖြင့် တပ်မတော်က နည်းလမ်းတကျဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့ကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့် စာမေးပွဲကို မတန်တဆ အမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေပါကြောင်း၊ ထိုသို့ မဲစာရင်း မှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြံစည် ကြိုးပမ်းလာမှုများကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာကာ ယာယီသမ္မတ၏ လွှဲအပ်ချက်အရ တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေခြင်းပင် ဖြစ်ပါကြောင်း။

ထိုသို့ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် အချိုးကျ ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာ ဖြစ်ပါကြောင်း၊ ယခင်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို စစ်ဆေးခဲ့ရာတွင်လည်း ၎င်းတို့၏ ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်မှုမရှိဘဲ သမ္မတ၏ ပြောဆိုမှုအတိုင်းသာ လုပ်ဆောင်နေရခြင်းဖြစ်သည်ဟု ဖွင့်ဟပြောဆိုခဲ့ပြီး ထိုသို့ပြောဆိုခဲ့မှု အခြေအနေများကိုလည်း သတင်းစာရှင်းလင်းပွဲများတွင် ထည့်သွင်းပြသခဲ့ပြီးဖြစ်ကြောင်း။

**“မကွေးတိုင်းဒေသကြီးသည် ဆီဖူလုံမှုရှိပြီး နိုင်ငံတော်၏ ဆီအိုးကြီးဟု ပြောဆိုမှုများ ရှိကြပြီး ဆီဖူလုံမှု ၃၅၂ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရှိရ၊ ဆီထွက်ရှိသည့် ဒေသဖြစ်သော်လည်း ဆီကြောင့်ဖြစ်ပွားသည့် ရောဂါများ ဖြစ်ပေါ်နေရခြင်းမှာ မိမိဒေသထွက် ပဲ၊ နှမ်းများကို ပြင်ပသို့ရောင်းချပြီး ပြင်ပမှ ဆီများကို ပြန်လည်ဝယ်စားနေခြင်းကြောင့်ပင်ဖြစ်၊ ထို့ပြင် အချိုမှုန့်များစားသုံးခြင်း၊ မူးယစ်ဆေးများ သုံးစွဲခြင်းတို့ကြောင့်လည်း ရောဂါဖြစ်ပွားမှုများကို ပိုမိုတိုးပွားစေမည်ဖြစ်၊ မိမိတို့နိုင်ငံ၏ ပျမ်းမျှ မျှော်မှန်းသက်တမ်းသည် ၆၇ နှစ်ရှိပြီး မကွေးတိုင်းသည် ပျမ်းမျှသက်တမ်းထက် နည်းပါးနေသည်ကို တွေ့ရှိရ”**

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

ဒီမိုကရေစီနိုင်ငံများတွင် မဲမသမာမှုပြုလုပ်ပြီး ရွေးကောက်ပွဲ အနိုင်ရရန် လုပ်ဆောင်ခြင်းသည် မည်သည့်နိုင်ငံကမျှလက်ခံ၍ ရနိုင်မည်မဟုတ်သည့် လုပ်ရပ်ဖြစ်ပြီး ဒီမိုကရေစီကို ပြက်ရယ်ပြုစော်ကားခြင်းပင်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ကိုချမှတ်၍ ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ COVID -19 ရောဂါကာကွယ်ကုသရေးလုပ်ငန်းများနှင့် ရောဂါကြောင့် ဖြစ်ပေါ်ထိခိုက်ခဲ့သည့် စီးပွားရေးကဏ္ဍကို ကုစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်၏တာဝန်ကို လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မကွေးတိုင်းဒေသကြီးသည် ဆီဖူလုံမှုရှိပြီး နိုင်ငံတော်၏ ဆီအိုးကြီးဟု ပြောဆိုမှုများရှိကြပြီး ဆီဖူလုံမှု ၃၅၂ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရှိရပါကြောင်း၊ ဆီထွက်ရှိသည့် ဒေသဖြစ်သော်လည်း ဆီကြောင့်ဖြစ်ပွားသည့် ရောဂါများ ဖြစ်ပေါ်နေရခြင်းမှာ မိမိဒေသထွက် ပဲ၊ နှမ်းများကို ပြင်ပသို့ရောင်းချပြီး ပြင်ပမှ ဆီများကို ပြန်လည်ဝယ်စားနေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ပြင် အချိုမှုန့်များစားသုံးခြင်း၊ မှုးယစ်ဆေးများသုံးစွဲခြင်းတို့ကြောင့်လည်း ရောဂါဖြစ်ပွားမှုများကို ပိုမိုတိုးပွားစေမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပျမ်းမျှမျှော်မှန်းသက်တမ်းသည် ၆၇ နှစ်ရှိပြီး မကွေးတိုင်းသည် ပျမ်းမျှသက်တမ်းထက် နည်းပါးနေသည်ကို တွေ့ရှိရကြောင်း။

မကွေးတိုင်းတွင် ဆန်ဖူလုံမှု ၆၇ ရာခိုင်နှုန်းခန့်သာရှိပြီး ရသည့်ဝင်ငွေဖြင့် ပြင်ပမှ ဝယ်ယူစားသုံးမည်ဆိုပါက ဒေသတွင်းမှ ငွေကြေးများသည် ပြင်ပသို့ရောက်ရှိသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင်သောကြောင့် ဒေသတွင်း၌ အထွက်နှုန်းတိုးပွားအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အထွက်နှုန်းတိုးပွားအောင် စိုက်ပျိုးမြေကော တိုးချဲ့စိုက်ပျိုးပါက မြေကောအတွက် အကုန်အကျများမည်ဖြစ်သဖြင့် အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် စိုက်ပျိုးရေးအသိပညာဗဟုသုတများ တိုးပွားအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာလျှင် ဒေသတွင်းငွေကြေးကြွယ်ဝမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်ထိုမှတစ်ဆင့် တိုင်းပြည်ကို ကြွယ်ဝချမ်းသာလာစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရှိရမည်၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရမည်၊ ဆက်သွယ်မှုစနစ်ကောင်းမွန်ရန်နှင့် ကျန်းမာရေးနှင့် ပညာရေးစနစ်ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းတို့ရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းရရှိရန်အတွက် ကျန်းမာရေး၊ ပညာရေးတို့ကို အားပေးရမည်ဖြစ်ကြောင်း၊ ယခုအခါ COVID-19 ဖြစ်ပေါ်မှုကြောင့် ပိတ်ထားရသည့် ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၉၀ ရာခိုင်နှုန်းကျော် စာတတ်မြောက်သည်ဟု ကိန်းဂဏန်းများအရ သိရှိရပြီး တတ်မြောက်မှုအများစုသည် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ပညာရေးသာဖြစ်ကြောင်း။

> “မကွေးတိုင်းဒေသကြီးအတွင်း နှမ်း၊ မိုး၊ ဆောင်း စိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများ တွေ့ရှိရကြောင်း၊ အဓိကမှာ ရေလိုအပ်ချက်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေ ရရှိရန်အတွက် ဆိုလာစနစ်ကို အောင်မြင်အောင်ပြုလုပ်၍ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ကာ မြစ်ရေတင်စီမံကိန်းများကို အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပူပြင်းသည့် ရာသီဥတု ဖြစ်နေခြင်းသည် ယခင်က သစ်ပင်စိုက်ပျိုးမှုမရှိဘဲ သစ်သယံဇာတကို အလွန်အကျွံ ထုတ်ယူသုံးစွဲခဲ့ခြင်းကြောင့်ဖြစ်သည်ကို နားလည်ရမည်ဖြစ်ပြီး နောင်လာနောက်သားတို့အတွက် မျှော်တွေး၍ သစ်ပင်စိုက်ပျိုးခြင်းများကို အောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး တစ်ပင်စိုက်လျှင် တစ်ပင်ရှင်သန်သည်အထိ စီမံခန့်ခွဲသူများက စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း”

မကွေးတိုင်းဒေသကြီးအတွင်း နှမ်း၊ မိုး၊ ဆောင်း စိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများ တွေ့ရှိရကြောင်း၊ အဓိကမှာ ရေလိုအပ်ချက်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေ ရရှိရန်အတွက် ဆိုလာစနစ်ကို အောင်မြင်အောင် ပြုလုပ်၍ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ကာ မြစ်ရေတင်စီမံကိန်းများကို အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပူပြင်းသည့် ရာသီဥတု ဖြစ်နေခြင်းသည် ယခင်က သစ်ပင်စိုက်ပျိုးမှုမရှိဘဲ သစ်သယံဇာတကို အလွန်အကျွံ ထုတ်ယူသုံးစွဲခဲ့ခြင်းကြောင့်ဖြစ်သည်ကို နားလည်ရမည်ဖြစ်ပြီး နောင်လာနောက်သားတို့အတွက် မျှော်တွေး၍ သစ်ပင်စိုက်ပျိုးခြင်းများကို အောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး တစ်ပင်စိုက်လျှင် တစ်ပင်ရှင်သန်သည်အထိ စီမံခန့်ခွဲသူများက စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ဆောင်ကြသဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တို့ကို ရေရှည်စီမံကိန်းဖြင့် လုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အောင်မြင်စေရန် မြေ၊ ရေ၊ နည်း၊ မျိုး တို့ကို ကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများသို့ ဝေမျှပေးနိုင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတွင် အထွက်ကောင်းမွန်သည့် ကျန်းမာသန့်ရှင်းသည့် မွေးမြူရေးစနစ်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ပြင် ဒေသထွက်ကုန်များကို ခေတ်မီသောထုပ်ပိုးမှုပုံစံများဖြင့် ကောင်းမွန်အောင်လုပ်ဆောင်၍ One Village One Product စနစ်ဖြင့် ဒေသမှ စံပြုထုတ်ကုန်တစ်မျိုးချင်းကို စျေးကွက်ဝင်ရန် ကြိုးစားခြင်းဖြင့် တစ်ဖက်မှလည်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပမှ လာရောက်ကြည့်ရှု လေ့လာသူများရရှိလာမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်း ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး ဒေသတွင်းဝင်ငွေကို ကြွယ်ဝစေနိုင်ကာ ဒေသခံပြည်သူလူထု၏ လူနေမှုစနစ်ကို မြင့်မားလာစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိဒေသကို၊ မိမိတိုင်းပြည်ကို တိုးတက်ကောင်းမွန်စေလိုသည့် စိတ်ထား၍ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများအား ကြည့်ရှု

နေပြည်တော် မေ ၄

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းတင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကော်မတီအတွင်းရေးမှူး၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် မြန်မာ့စက်မှုဆိပ်ကမ်းနှင့် အေရှားဝေါလ်ဆိပ်ကမ်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ ဆိပ်ကမ်းအစည်းအဝေးခန်းမများ၌ ဆိပ်ကမ်းတာဝန်ရှိသူများက ဆိပ်ကမ်းဆိုင်ရာ အချက်အလက်များ၊ ဆိပ်ကမ်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များမှာကြားပြီး နိုင်ငံခြားသင်္ဘောပေါ်သို့ ကုန်သေတ္တာ အတင်/အချ ဆောင်ရွက်နေမှုများ၊ ကုန်သေတ္တာများ X-ray ဖြင့် ဖြတ်သန်းစစ်ဆေးမှုများကို ကြည့်ရှုစစ်ဆေးကာ မကြာမီ





ဒုတိယဝန်ကြီး ဦးညွန့်အောင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့စက်မှုဆိပ်ကမ်း(MIP)ဝင်းအတွင်း ကွန်တိန်နာများ တင်ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ကျရောက်မည့် သင်္ကြန်ရုံးပိတ်ရက်များတွင် ဆိပ်ကမ်းနှင့် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သေတ္တာ ထုတ်/ သွင်းခြင်း ကိစ္စရပ်များကို ပုံမှန်အတိုင်း ဝန်ဆောင်မှုများပေးနိုင်ရေး မှာကြားသည်။

သတင်းစဉ်

# အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လို

**ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လိုကြောင်း၊ အများဆန္ဒသည် ရိုးသားမှုမရှိပါက ယင်း နိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန်ခဲယဉ်းကြောင်း၊ တက်လာသည့်အစိုးရများသည် ဒီမိုကရေစီကို မှန်မှန် ကန်ကန်နှင့် အမှန်တကယ်အလုပ်လုပ်နိုင်မည့် အစိုးရဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ၍ မေ ၃ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့စာတိုက်လုပ်ငန်း၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မြန်မာ့သင်္ဘောကျင်း လုပ်ငန်းများကိုလည်းကောင်း၊ ယနေ့တွင်မြန်မာ့မီးရထား၊ အပြည်ပြည် ဆိုင်ရာ ပင်လယ်ရေကြောင်းဆက်သွယ်ရေးရေဒီယိုစခန်း၊ သန်လျင် ဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်းနှင့် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**




ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ဌာန အကြီးအကဲများ အရာထမ်း / အမှုထမ်းများနှင့်တွေ့ဆုံရာ ဌာန အကြီးအကဲများက ဌာနများ၏ သမိုင်းအကျဉ်း၊ မူဝါဒ၊ မျှော်မှန်းချက်နှင့် ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းခန့်ထားမှုအခြေအနေများ၊ ဘတ်ဂျက်ရရှိမှု၊ ဝင်ငွေအသုံးစရိတ်များ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ၊ ဝင်ငွေရရှိရေး ကြိုးပမ်းဆောင်ရွက်မှု၊ ဝန်ထမ်းသက်သာ ချောင်ချိရေးဆိုင်ရာ ဆောင်ရွက်ထားမှု အခြေအနေများကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ဌာနများမှ ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။

### အသိပေးလျက်ရှိ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရွေးကောက်ပွဲ၏ မဲစာရင်းရှုပ်ထွေးမှု ကွဲလွဲမှုများကြောင့် ရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အတွက် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့်အညီ အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီကိုဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ထုတ်ပြန်၍ နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နေ့စဉ်နှင့်အမျှ မဲကွဲလွဲမှုများကို အသေးစိတ်ဖွဲ့စည်းပေးထားသော ရွေးကောက်ပွဲကော်မရှင်က စစ်ဆေး၍ တွေ့ရှိချက်များကို အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာ့ရုပ်မြင်သံကြားသတင်း၊ နေ့စဉ်ထုတ်သတင်းစာများ၊ သတင်းဌာနများမှ အသိပေးလျက်ရှိကြောင်း။

### တိုးမြှင့်ဆောင်ရွက်လာ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ထိန်းသိမ်းမှုအပေါ် မကျေနပ်၍ အေးချမ်းစွာဆန္ဒပြနေရာမှ မသမာသူများ၏သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ မြို့၊ ရွာ၊ ရုံး၊ အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အရပ်သား အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ လူ့အရှင်လတ်လတ်ကို မီးရှို့သတ်ဖြတ်ခြင်း၊ ဆန္ဒပြမှုများတွင် ပါဝင်ခြင်းမရှိသူများကို ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်လာပြီး ဝန်ထမ်းများပါ ဆန္ဒပြမှုများတွင် ပါဝင်လာအောင် သွေးထိုးလှုံ့ဆော် ဆောင်ရွက်ခဲ့သဖြင့် ဝန်ထမ်းများအနေဖြင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ရထားလမ်းများတွင် ရထားပြေးဆွဲရာ၌ အန္တရာယ်ဖြစ်အောင် ရထားလမ်းပေါ် အတားအဆီးများချခြင်း၊ သံလမ်းများပေါ်တွင် ကွန်ကရစ်လောင်းခြင်း၊ သံလမ်းဆက်များ ဖြုတ်ထားခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်

ပြည်သူများ သေကျေထိခိုက်စေရေးအတွက် အဖျက်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ အချို့နိုင်ငံများတွင် ဆန္ဒပြဆူပူမှုများ ရှိသော်လည်း နိုင်ငံပိုင်ပစ္စည်းများ ဖျက်ဆီးခြင်း၊ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်အောင်ပြုလုပ်ခြင်းများမရှိကြောင်း၊ အဆိုပါဆူပူဆန္ဒပြမှုများ အဖျက်လုပ်ငန်းများတွင် အချို့ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေပြီး နိုင်ငံ့ဝန်ထမ်းများပီသစွာဖြင့် ပါတီနိုင်ငံရေးကင်းရှင်းအောင်နေထိုင်၍ အမိန့်နှင့် တာဝန်များကို ဦးလည်မသုန်သက်စွန့်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်မရ၍ ခွင့်မဲ့ပျက်ကွက်နေသော ဝန်ထမ်းများကို ဌာနမှ တာဝန်ရှိသူများအနေဖြင့် ဌာနအတွက် တန်ဖိုးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် သတ်မှတ်ပြီး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်စေရေး စည်းရုံးဆွဲဆောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် မိမိဌာန၏ လုပ်ငန်းများ ရပ်တန့်မှုမဖြစ်စေရေး၊ လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ကိုလည်းကောင်း၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ရုံးဝင်းအတွင်း တန် ၁၂၀၀၀ လွန်းကျင်း၊ ဖက်စပ်လုပ်ငန်းဖြင့်သင်္ဘောတည်ဆောက်နေမှုများကိုလည်းကောင်း၊ မြန်မာ့မီးရထားရောက်ရှိချိန်၌ ရန်ကုန်မှ နေပြည်တော်သို့ နံနက် ၈ နာရီတွင် ရန်ကုန်ဘူတာကြီးမှ ထွက်ခွာသော အမှတ် (၇) အဆန် လူစီးအမြန်ရထား စတင်ပြန်လည်ပြေးဆွဲမှုကို လည်းကောင်း (အပေါ်ပုံ)၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ရေဒီယိုစခန်းနှင့် သန်လျင်ဂြိုဟ်တု ဆက်သွယ်ရေးမြေပြင်စခန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ဝင်းအတွင်း စာသင်ခန်းများ၊ အဆောက်အဦများ လက်တွေ့သင်ထောက်ကူပစ္စည်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံပြသခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းပြည်အတွက် အသက်ပေးသွားသည့် အညတရရဲဘော် သို့မဟုတ် အောင်ဆန်းသူရိယလှသောင်း

ကြည်သော်ဇင်

တပ်မတော်သားတွေ စစ်မြေပြင်မှာ ကျဆုံးသွားတာဟာ မထူးဆန်းပါဘူး။

စစ်သည်တိုင်းဟာ သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင် တစစ်တမက် ကိုယ်နှင့် သက်ကို နှင်းဆက်တိုက်ခဲ့ကြသူတွေ ဖြစ်နေလို့ပါ။ တိုင်းပြည်အတွက် တကယ့်ကိုအရေးပေါ်ကာလ ကိုယ့်အသက်အန္တရာယ်ကြီးကြီးမားမား ကြုံရမယ်ဆိုတာကို သိနေတဲ့ အလွန်ခက်ခဲတဲ့ အခြေအနေမှာ မိမိရဲ့ အသက်ကို အလျှဉ်းမငဲ့ကွက်ဘဲ ကျရောက်တဲ့ တာဝန်ဝတ္တရားကို မိုက်ရူးရဲမဟုတ်တဲ့ အသိဉာဏ်နဲ့ယှဉ်ပြီး သင်ယူခဲ့တဲ့ စစ်ပညာတွေနဲ့ အသက်ကို စတေးကာ စစ်ပွဲအခြေအနေကို မိမိတို့ဘက် ချိန်ခွင်လျှာ သာလာစေဖို့ ခိုင်မြဲတဲ့ စိတ်နဲ့ ထူးကဲကောင်းမွန်စွာ ဆောင်ရွက်တဲ့သူကိုတော့ သူရသတ္တိနဲ့ ဆောင်ရွက်မှုတွေအတွက် အဆင့်အတန်းအမြင့်ဆုံး စွမ်းရည်ဘွဲ့တစ်ခုကို ချီးမြှင့်လေ့ရှိပါတယ်။ အဲဒါကတော့ "အောင်ဆန်းသူရိယ" ဘွဲ့ဖြစ်ပါတယ်။


## ခုခံကာကွယ်ပေးခဲ့တဲ့သူ

မြန်မာနိုင်ငံမှာ အောင်ဆန်းသူရိယဘွဲ့ရရှိတဲ့သူ ခြောက်ဦး သာရှိပြီး အဲဒီခြောက်ဦးအနက် အောင်ဆန်းသူရိယလှသောင်းဆိုတဲ့ ရဲဘော်လေးတစ်ဦးလည်း ပါဝင်ခဲ့ပါတယ်။ ဘရင်းဂန်းနာ ရဲဘော်လှသောင်းဟာ လက်စွဲတော်ဘရင်းဂန်းတစ်လက်နဲ့ တပ်ရင်းမှူး အပါအဝင် ရှေ့တန်းခံစစ်မျဉ်းက စစ်သည်တွေကို အခြားခံစစ်ကြောင်းတစ်ခုရောက်အောင် ပြောင်းရွှေ့ဆုတ်ခွာဖို့အတွက် တစ်ဦးတည်း ချန်နေခဲ့ပြီး ခုခံကာကွယ်ပေးခဲ့တဲ့သူပါ။ အကယ်၍ အဲဒီနေ့ကသာ များပြားတဲ့ ရန်သူအင်အားတွေဟာ အရှေ့ကိုမြန်မြန်ဆန်ဆန် တိုးခွင့်ရခဲ့မယ်ဆိုရင် တိုင်းပြည်ရဲ့သမိုင်းစာမျက်နှာဟာ ပြောင်းလဲချင် ပြောင်းလဲသွားနိုင်ပါလိမ့်မယ်။

စာချစ်သူများကို ဒီတစ်ပတ်မှာ ညွှန်းဆိုလိုတဲ့ စာအုပ်အမည်က တပ်ကြပ်မောင်ထူး ရေးသားတဲ့ အောင်ဆန်းသူရိယလှသောင်း အမည်ရှိတဲ့ စာအုပ်ပဲဖြစ်ပါတယ်။

## စာအုပ်ကောင်းတစ်အုပ်လည်းဖြစ်

၁၉၇၆ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့စာအုပ်ဖြစ်ပြီး စိတ်ကူးချိုချိုအနုပညာမှ ၂၀၀၈ ခုနှစ်မှာ ပြန်လည်ထုတ်ဝေထားခဲ့တာ ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ အောင်ဆန်းသူရိယဘွဲ့ ရသွားတဲ့၊ စွန့်လွှတ်စွန့်စားဝံ့သူ ရဲဘော်လှသောင်းရဲ့ အတ္ထုပ္ပတ္တိလို့ပြောနိုင်သလို လွတ်လပ်ရေးရခါနီးနဲ့ ရပြီးစ နိုင်ငံရေးအခြေအနေသမိုင်းမှတ်စရာတွေကိုလည်း ဒီစာအုပ်က ညွှန်းပြနိုင်ခဲ့ပါတယ်။ အဲဒီခေတ်ကာလမြင်ကွင်းတွေဟာ ရဲဘော်လှသောင်းရဲ့ ဘဝအချိုးအကွေ့ တွေနဲ့အတူ စာချစ်သူရဲ့ နှလုံးသားမှာ ပြက်ပြက်ထင်ထင် မြင်ယောင်လာမယ်ဆိုတာ အတပ်ပြောနိုင်တဲ့ စာအုပ်ကောင်းတစ်အုပ်လည်း ဖြစ်ပါတယ်။




စာရေးသူ တပ်ကြပ်မောင်ထူးဟာ တိုက်ပွဲအတွင်းအလေးတောင်ပြန်မရနိုင်တဲ့ ရဲဘော်လေးတစ်ယောက်ရဲ့ နောက်ဆုံးမြင်ကွင်းအထိ ပုံဖော်ရေးသားနိုင်ဖို့ အထောက်အထားများစွာ၊ အတည်ပြုပြောပြနိုင်တဲ့ တပ်မတော်သားများစွာ၊ ရဲဘော်လှသောင်းရဲ့ မိသားစုဝင် စသည်ဖြင့် နှစ် ၂၀ ကျော်ခန့်က အကြောင်းအရာတွေကို ရှာဖွေစုဆောင်းတင်ဆက်ထားတာကိုလည်း အသိအမှတ်မပြုဘဲ မနေနိုင်လောက်အောင် ချီးကျူးမိပါတယ်။

## စာရေးဆရာက ဆွဲဆောင်

လွတ်လပ်ရေးရပြီး တစ်နှစ်ကျော်အကြာ ၁၉၄၉ ခုနှစ် ဧပြီလ ၂၉ ရက်နေ့မှာ ရန်ကုန်-မန္တလေးကားလမ်းပေါ်မှာရှိတဲ့ ဖောင်တော်သီမြို့အနီး မိုင်တိုင် ၈၀/၃ ပေါက်တပင် တာဆုံ ရှမ်းစုရွာတိုက်ပွဲမှာ သနက(၃) လို့ တပ်မတော်သားတိုင်းသိကြတဲ့ အမှတ် (၃) ဗမာ့သေနတ်ကိုင်တပ်ရင်းက တပ်သားလေး လှသောင်း ကျဆုံးသွားပါတယ်။ သူနဲ့အတူ ကျဆုံးသွားတဲ့ ရဲဘော်တွေအတွက် အဲဒီနေရာမှာ လွမ်းစေတီလေး တည်ထားတဲ့ မြင်ကွင်းဟာ စာချစ်သူများကို မပြောမီက လွမ်းနင့်အောင် စာရေးဆရာက ဆွဲဆောင်ပြီး စာအုပ်ကို ဖွင့်ထားပါတယ်။

## ရဲဘော်မောင်လှသောင်း စစ်သားဖြစ်ခွင့်ရ

ဗိုလ်ချုပ်အောင်ဆန်းရဲ့ "လွတ်လပ်ရေးကို အနုနည်းနဲ့ရရင်ရ မရရင် ချရမှာပဲ" လို့ ခေါင်းတင်မောင်းတင် မိန့်ခွန်းဟာ တစ်နိုင်ငံလုံးကလူငယ်တွေကိုသာမက ဒလဘက်ကမ်းက အိုးစည်ပိုင်းတိုင်းမှာ အတီးအက ပိုင်နိုင်လွန်းတဲ့ ကိုရင်ကြီး ရှင်ဝါဒီစွအဖို့ တပ်မတော်သားဖြစ်လာဖို့ ပထမဆုံးအင်အားတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ ချစ်စရာကောင်းပြီး ချောလှလွန်းလို့ အလှတွေ သောင်းချီနေတဲ့ အထိမ်းအမှတ်နဲ့ သူ့အဘွားက သူ့ကို မောင်လှသောင်းလို့ မှည့်ခေါ်ခဲ့ရာကနေ မှတ်မှတ်ရရ ဒုတိယမြောက် တပ်မတော်နေ့ဖြစ်တဲ့ ၁၉၄၇ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ ကိုယ်ပိုင်အမှတ် ၈၈၈၆၅ နဲ့ ရဲဘော်မောင်လှသောင်း စစ်သား ဖြစ်ခွင့်ရခဲ့ပါတယ်။

သန်တုန်း မြန်တုန်း ရှင်လိုင်ပြန် ရဲဘော်လှသောင်းဟာ သေနတ်ကိုင်ခွင့် ရကတည်းက ဘရင်းဂန်းနာ ဖြစ်ခဲ့ပါတယ်။ စစ်ကြောင်းတွေထွက်ခွာတဲ့အခါ တိုက်ပွဲထဲမှာတောင် သူ့ရဲ့ဘရင်းဂန်းကို တောပန်းကလေးတွေ ချီးပြီး ပန်ပေးသူ၊ စိတ်နှလုံးနူးညံ့တဲ့ လူငယ်လေး တစ်ယောက်ဆိုတာ စာအုပ်မှာ မြင်ခွင့်ရခဲ့တယ်။ ချစ်ရေးချစ်ရာမှာ ရည်းစားလေး တစ်ယောက်တောင် ဖြစ်ဖြစ်မြောက်မြောက် ထားခွင့်မရခဲ့ဘဲ ကြမ်းတမ်းတဲ့ ရှေ့တန်းမျက်နှာစာတွေမှာ လူငယ်ဘဝကုန်ဆုံးသွားရတဲ့ ရဲဘော်လှသောင်းရယ်ပါ။ မောင်လိုစစ်သားဘဝမှာ ချစ်သူကို လွမ်းဖို့ အချိန်မပေးနိုင်ခဲ့ပေမယ့် ရခိုင်ပြည် ပြောက်ကျား သူပုန်တပ်တွေကို စစ်မျက်နှာဖွင့်ရင်း ရေခပ်ဆင်းချိန်တစ်ခုမှာ ဆုံခဲ့လေသူ မော်ရွာက သန္တာမေကိုများ ရတဲ့အချိန် အလုအယက် လွမ်းနေရှာခဲ့မလား။

နှမလို၊ ချစ်သူလို စိတ်ဝယ်စွဲထင်နေတဲ့ မိန်းကလေးကို ရဲဘော်လစာထဲကနေ လွတ်လပ်ရေးနေ့ ဝတ်ဖို့ရာ သရက်ထည် အနက်ခံ အနီပွင့်လုံချည်ကလေး ဝယ်ပေးခဲ့သူ။ လွတ်လပ်ရေးမတိုင်ခင် သွေးမြေကျသွားရရှာတဲ့ချစ်သူကို ရင်မှာပွေ့ထားရင်း မျက်ရည်မဆည်နိုင်တဲ့ ရဲဘော်လေးဟာ သူနောက်ဆုံးထွက်သက်မှာ ဘရင်းဂန်းသေနတ်ကြီး ပိုက်ရင်း သွားနှင့်သူ မိန်းကလေးကိုများ သတိရသွားနိုင်ရဲ့လားဆိုတာကို စာရေးဆရာဆီ ပြေးပြီးမေးချင်လာတဲ့အထိ ဆွဲဆောင်မှုရှိစွာ သရုပ်ဖော်ထားတဲ့ မြင်ကွင်းတွေကို စာရေးဆရာက စာပန်းချီခြယ်မှုန်းထားပါတယ်။

## သနက (၃) နဲ့အတူတူ ဖြတ်သန်းခဲ့ရသူ

ရန်ကုန်တစ်ဖက်ကမ်းမှာ မွေးဖွားတဲ့ ရဲဘော်လှသောင်းဟာ ရခိုင်ပြည်၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်နဲ့ပြည်တစ်ဝိုက်အပါအဝင် စကင်းကရင်တပ်ပျက်သည်အထိ ဆင်နွှဲခဲ့ရတဲ့ ဝက်ကော်တိုက်ပွဲ၊ အင်းစိန်ရဲ့ နာမည်ကျော် ပို့ငှဝမ်းဝမ်းတူးတိုက်ပွဲ၊ မော်ဘီမှသည် ဒိုက်ဦးစစ်မျက်နှာ စသည်ဖြင့် ကျရာတာဝန်ကို သနက (၃) နဲ့အတူတူ ဖြတ်သန်းခဲ့ရသူလည်းဖြစ်ပါတယ်။ ပေါ်ဦးစ မတ်ဝမ်း ဘရင်းဂန်းကြီးဟာ သိပ်ကိုလေးလံခဲ့ပေမယ့် သန်မာလှတဲ့ ရဲဘော်လှသောင်းကတော့ ခလုတ်ကွင်းကနေ စကြာလှည့်ရင်း ရဲဘော်တွေကို အပန်းပြေအသုံးတော်ခံခဲ့တာကို ပုံဖော်ရေးသားထားပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

"ကျရောက်တဲ့ တာဝန်ဝတ္တရားကို မိုက်ရူးရဲမဟုတ်တဲ့ အသိဉာဏ်နဲ့ယှဉ်ပြီး သင်ယူခဲ့တဲ့ စစ်ပညာတွေနဲ့ အသက်ကို စတေးကာ စစ်ပွဲအခြေအနေကို မိမိတို့ဘက် ချိန်ခွင်လျှာ သာလာစေဖို့ ခိုင်မြဲတဲ့ စိတ်နဲ့ ထူးကဲကောင်းမွန်စွာ ဆောင်ရွက်တဲ့ သူကိုတော့ သူရသတ္တိနဲ့ ဆောင်ရွက်မှုတွေအတွက် အဆင့်အတန်းအမြင့်ဆုံး စွမ်းရည်ဘွဲ့ တစ်ခုကို ချီးမြှင့်လေ့ရှိပါတယ်။ အဲဒါကတော့ "အောင်ဆန်း သူရိယ" ဘွဲ့ဖြစ်ပါတယ်"

"ဒီစာအုပ်ဟာ အောင်ဆန်းသူရိယဘွဲ့ရသွားတဲ့၊ စွန့်လွှတ်စွန့်စားဝံ့သူ ရဲဘော်လှသောင်းရဲ့ အတ္ထုပ္ပတ္တိလို့ပြောနိုင်သလို လွတ်လပ်ရေးရခါနီးနဲ့ ရပြီးစ နိုင်ငံရေးအခြေအနေသမိုင်းမှတ်စရာတွေကိုလည်း ဒီစာအုပ်က ညွှန်းပြနိုင်ခဲ့ပါတယ်။ အဲဒီခေတ်ကာလမြင်ကွင်းတွေဟာ ရဲဘော်လှသောင်းရဲ့ ဘဝအချိုးအကွေ့တွေနဲ့အတူ စာချစ်သူရဲ့နှလုံးသားမှာ ပြက်ပြက်ထင်ထင် မြင်ယောင်လာမယ်ဆိုတာ အတပ်ပြောနိုင်တဲ့ စာအုပ်ကောင်းတစ်အုပ်လည်းဖြစ်ပါတယ်"

# စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်လေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၄) ရက်မှ (၁၁) ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည် -

(က) လေ့ကျင့်ခန်းဧရိယာ(၁)

(၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(ခ) လေ့ကျင့်ခန်းဧရိယာ(၂)

(၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

(ဂ) လေ့ကျင့်ခန်းဧရိယာ(၃)


(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။




# စစ်တွေမြို့၌ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပမည်

စစ်တွေ မေ ၄

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းပြန်ကြားရေးတာဝန်ခံ ပြည်နယ်ဥပဒေချုပ် ဦးလှသန်း ပြောကြားသည်။

"ရခိုင်ပြည်နယ်မှာ ၂၀၁၉ ခုနှစ်က တိုက်ပွဲတွေဖြစ်ပွားနေတာကြောင့် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို မကျင်းပနိုင်ခဲ့ဘူး၊ ၂၀၂၀ ပြည့်နှစ်ကျတော့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားတဲ့အချိန် မြင့်တက်နေတဲ့အတွက် တစ်နိုင်ငံလုံးအနေနဲ့ သင်္ကြန်ပွဲတော်ကို မကျင်းပခဲ့ပြန်ဘူး၊ ဒီနှစ်ကျတော့ တိုက်ပွဲကာလလည်းမဟုတ်၊ ကိုဗစ်-၁၉ ရောဂါကလည်း နိုင်ငံတော်က ကာကွယ်ဆေးတွေ ထိုးနှံပေးနေတဲ့အတွက် အတိုင်းအတာတစ်ခုထိ ထိန်းသိမ်းထားနိုင်တဲ့အဆင့်ကို ရောက်နေပြီ၊ ကိုဗစ်ကတော့ ရှိနေတုန်းပါ။ ပြီးတော့ ကိုဗစ်-၁၉ နဲ့ပတ်သက်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ထုတ်ပြန်ထားတဲ့ အမိန့်နဲ့ ညွှန်ကြားချက်တွေကိုတော့ မလျှော့ချသေးဘူး။ ဒါကြောင့် ဒီနှစ်မှာတော့ သင်္ကြန်လုပ်ချင်သူတွေလည်းလုပ်လို့ရအောင် တိုင်းသူပြည်သားတွေလည်း နှစ်ကူးသင်္ကြန်မှာ ရိုးရာစဉ်လာမပျက် သင်္ကြန်ရစေဖို့ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်မယ်ဆိုရင်တော့ လုပ်ပါလို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ခွင့်ပြုပေးထားပါတယ်" ဟု ပြောသည်။



ယခင်ကျင်းပခဲ့သည့် စစ်တွေမြို့ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်မြင်ကွင်း။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားချက်ဖြစ်သော လူ ၅၀ ထက်မပိုသည့် သတ်မှတ်ချက်ကို လျှော့ချထားခြင်း မရှိသည့်အတွက်ကြောင့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ သင်္ကြန်ပွဲတော်ကို ကျင်းပရန် ခွင့်ပြုထားသည်။

ထို့အပြင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "ရိုးရာစဉ်လာမပျက် သင်္ကြန်ပွဲနဲ့ ပတ်သက်တဲ့ဟာတွေကို လုပ်ဆောင်ဖို့တော့ ရှိပါတယ်။ ဘာတွေလုပ်မလဲဆိုလို့ရှိရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားတဲ့ လူ ၅၀ ထက်မပိုအောင် ထိန်းသိမ်းသွားမယ်၊ နောက်ပြီး ရခိုင်ရိုးရာ လောင်းလှေနဲ့ ရေကစားတာတစ်ခု ပြုလုပ်ပေးမယ်။ ဒါကိုစစ်တွေမြို့ ရွှေခင်းသာလမ်းမှာ ပြုလုပ်ပေးပါမယ်၊ တခြားသော ရပ်ကွက်တွေ၊ ကျေးရွာတွေမှာ လုပ်မယ်ဆိုရင်လည်း လုပ်ဖို့ခွင့်ပြုပေးပါမယ်၊ သို့သော် လူ ၅၀ ထက်မပိုအောင်တော့ ထိန်းသိမ်းပေးဖို့ တာဝန်ခံရမယ်၊ နောက်ပြီးတော့ ရခိုင်ရိုးရာသင်္ကြန်နဲ့ တစ်ဆက်တည်းရှိတဲ့ နံ့သာသွေးပွဲရှိမယ်။ ဘုရားရေသပ္ပာယ်တာတွေ ရှိမယ်၊ ဒါတွေကိုလည်း ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့အတိုင်း လုပ်ဆောင်သွားပါမယ်" ဟု ဦးလှသိန်းက ပြောသည်။

ရခိုင်ရိုးရာ နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ခြင်းကို ယခင်နှစ်ကကဲ့သို့ ကျင်းပသွားမည်မဟုတ်ဘဲ တစ်ရက်တည်း ကျင်းပသွားမည်ဖြစ်သည်။ ယခင်နှစ်များတွင် နံ့သာသွေးပြိုင်ပွဲကို နှစ်ရက်ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းကြောင့် ပြိုင်ပွဲကျင်းပခြင်းကို လုပ်ဆောင်သွားမည်မဟုတ်ကြောင်း၊ နံနက်ပိုင်းတွင်နံ့သာသွေးပြီး ရရှိလာသည့် နံ့သာရည်များဖြင့် ၎င်းနေ့မှာ စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးသို့ ဘုရားရေသပ္ပာယ်ရန်သွားမည်ဖြစ်သည်။ ကိုဗစ်ကာလဖြစ်သည့်အတွက် ပြည်သူအားလုံးသည် သင်္ကြန်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆင်နွှဲလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း (မြန်/ဆက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်နှင့် တနိုင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် ချီဖွေမြို့နယ် မဲရုံပေါင်း ၄၇ ရုံ | ၁၂၉၆၃ | ၉၂၉၁ | ၁၀၄၄ | ၄၆ | ၉၉၆ |
| ၂ | ကချင်ပြည်နယ် တနိုင်းမြို့နယ် မဲရုံပေါင်း ၂၃ ရုံ | ၃၄၃၄၉ | ၁၅၇၉၂ | ၄၃၈၇ | ၁၂၉ | ၂၁၀၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်နှင့် တနိုင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၇၀ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၄၁၂၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၃၀၂၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၁၀၉၉၊ မြေပြင်လက်ကျန် ၂၁၁၁၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၅၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ချီဖွေမြို့နယ် | ၄၇ | ၁၅၃၃၉ | ၁၀၂၀၀ | ၅၁၃၉ | ၅၁၃၃ | ၂၅ | ၁၉ |
| ၂ | တနိုင်းမြို့နယ် | ၂၃ | ၃၈၇၈၃ | ၂၂၈၂၃ | ၁၅၉၆၀ | ၁၅၉၇၈ | ၁၃ | ၃၁ |
| | စုစုပေါင်း | ၇၀ | ၅၄၁၂၂ | ၃၃၀၂၃ | ၂၁၀၉၉ | ၂၁၁၁၁ | ၃၈ | ၅၀ |

### ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်တွင် ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၃ အုပ်စု၊ မဲရုံပေါင်း ၄၇ ရုံတို့မှ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၂၅၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၉၆၄ ဖြစ်သဖြင့် ကျန်ရှိရမည့် အရေအတွက်မှာ ၄၂၈၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၃၀၅ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် မဲလက်မှတ် ၁၉ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၆။ ချီဖွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ဆန္ဒမဲလက်မှတ်အရေအတွက် ၁၀၈၉ ထုတ်ယူခဲ့ပြီး ၂၃၆ စောင် အသုံးပြုခဲ့သဖြင့် ၈၅၃ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၂၈ စောင်သာ ကျန်ရှိသဖြင့် ၂၅ စောင် လျော့နည်းနေပြီး မဲလက်မှတ်တစ်အုပ်တွင် ပါရှိရမည့် သတ်မှတ်အရေအတွက် အစောင် ၅၀ မပြည့်သောကြောင့်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၇။ ချီဖွေမြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် မဲလက်မှတ်အပိုများနှင့် လျော့နည်း/ ပျောက်ဆုံးမှုများရှိပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန် ရမည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၂၅၀ | ၉၉၆၄ | ၄၂၈၆ | ၄၃၀၅ | | ၁၉ |
| ၂ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၈၉ | ၂၃၆ | ၈၅၃ | ၈၂၈ | ၂၅ | |
| | စုစုပေါင်း | ၁၅၃၃၉ | ၁၀၂၀၀ | ၅၁၃၉ | ၅၁၃၃ | ၂၅ | ၁၉ |

၈။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရစ်လောခေါင်ရပ်ကွက် | ၁ | ၁၁၀၀ | ၈၆၀ | ၂၄၀ | ၂၅၄ | | ၁၄ |
| ၂ | ဥက္ကာပ်ရပ်ကွက် | ၁ | ၄၅၀ | ၃၈၈ | ၆၂ | ၆၂ | | |
| ၃ | ဘာလှဲဒမ်ရပ်ကွက် | ၁ | ၂၅၀ | ၂၁၂ | ၃၈ | ၃၈ | | |
| ၄ | ကန်ပိုင်ယံရပ်ကွက် | ၁ | ၁၀၀ | ၈၃ | ၁၇ | ၁၇ | | |
| ၅ | လိုင်မာယန်ကျေးရွာအုပ်စု | ၁ | ၁၀၀ | ၅၉ | ၄၁ | ၄၁ | | |
| ၆ | နာမော်ဇွပ်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၁၃ | ၃၇ | ၃၇ | | |
| ၇ | တမူးကျေးရွာအုပ်စု | ၁ | ၁၀၀ | ၆၃ | ၃၇ | ၃၇ | | |
| ၈ | ရှမ်းကျော်ကျေးရွာအုပ်စု | ၁ | ၁၀၀ | ၇၉ | ၂၁ | ၂၁ | | |
| ၉ | ဘန့်လီကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၃၆ | ၆၄ | ၆၄ | | |
| ၁၀ | မဂေါင်ကျေးရွာအုပ်စု | ၂ | ၄၅၀ | ၂၆၀ | ၁၉၀ | ၁၉၀ | | |
| ၁၁ | မံစံကျေးရွာအုပ်စု | ၁ | ၁၀၀ | ၄၀ | ၆၀ | ၆၅ | | ၅ |
| ၁၂ | လောခေါင်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၂၅ | ၂၅ | ၂၅ | | |
| ၁၃ | ရပ်ချောင်ကျေးရွာအုပ်စု | ၁ | ၅၀ | ၂၅ | ၂၅ | ၂၅ | | |
| ၁၄ | ဂျစ်လိုင်ကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၉၁ | ၅၉ | ၅၉ | | |
| ၁၅ | ရစ်ဂျော်ကျေးရွာအုပ်စု | ၁ | ၅၀ | ၃၉ | ၁၁ | ၁၁ | | |
| ၁၆ | မောင်ဂုန်ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၄၅ | ၅၅ | ၅၅ | | |
| ၁၇ | ကျင်ထုံးကျေးရွာအုပ်စု | ၁ | ၁၀၀ | ၇၂ | ၂၈ | ၂၈ | | |
| ၁၈ | လန်းဂျောကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၆၀ | ၉၀ | ၉၀ | | |
| ၁၉ | လုပီကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၆၄ | ၄၃၆ | ၄၃၆ | | |
| ၂၀ | အမှတ်(၁)ရပ်ကွက်၊ ပန်ဝါမြို့ | ၁ | ၃၀၀ | ၁၉၄ | ၁၀၆ | ၁၀၆ | | |
| ၂၁ | အမှတ်(၂)ရပ်ကွက်၊ ပန်ဝါမြို့ | ၁ | ၆၀၀ | ၄၂၁ | ၁၇၉ | ၁၇၉ | | |
| ၂၂ | အမှတ်(၃)ရပ်ကွက်၊ ပန်ဝါမြို့ | ၁ | ၄၅၀ | ၂၉၉ | ၁၅၁ | ၁၅၁ | | |
| ၂၃ | လန်ယန်ကျေးရွာအုပ်စု | ၃ | ၄၅၀ | ၂၇၈ | ၁၇၂ | ၁၇၂ | | |
| ၂၄ | ထောဂေါ်ကျေးရွာအုပ်စု | ၁ | ၁၀၀ | ၇၃ | ၂၇ | ၂၇ | | |
| ၂၅ | ဒွီလပ်ကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၇၃ | ၇၇ | ၇၇ | | |
| ၂၆ | လဝွေကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၂၃ | ၁၂၇ | ၁၂၇ | | |

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၂၇ | ဘောမ်မြန်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၂၇ | ၂၃ | ၂၃ | | |
| ၂၈ | ဂမ်ခွန်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၄၆ | ၂၅၄ | ၂၅၄ | | |
| ၂၉ | ထွမ်းရှိန်ကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၄၄ | ၅၆ | ၅၆ | | |
| ၃၀ | ရှိုးကျန်ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၂၄ | ၁၂၆ | ၁၂၆ | | |
| ၃၁ | နမ့်ဖုန်ဘောင်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၂၅ | ၂၅ | ၂၅ | | |
| ၃၂ | ဂေါ်ယွမ်ကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၃၆ | ၆၄ | ၆၄ | | |
| ၃၃ | ချစ်ဂေါ်ကျေးရွာအုပ်စု | ၃ | ၆၅၀ | ၃၃၅ | ၃၁၅ | ၃၁၅ | | |
| ၃၄ | ဖီမော်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၀၇ | ၁၄၃ | ၁၄၃ | | |
| ၃၅ | လုတ်နော့ဂျန်ကျေးရွာအုပ်စု | ၂ | ၅၅၀ | ၃၂၄ | ၂၂၆ | ၂၂၆ | | |
| ၃၆ | ထန်းဒုန်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၇၉ | ၁၇၁ | ၁၇၁ | | |
| ၃၇ | လင်္ဂေါ်ခေါ်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၃၀ | ၁၂၀ | ၁၂၀ | | |
| ၃၈ | ကန်းဖန့်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၆၉ | ၂၃၁ | ၂၃၁ | | |
| ၃၉ | ဆာဒူလောကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၇၃ | ၇၇ | ၇၇ | | |
| ၄၀ | ငွါးဖခါးကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၇၀ | ၈၀ | ၈၀ | | |
| | ရပ်/ကျေးချုပ်မဲလက်မှတ် | ၄၇ | ၁၄၂၅၀ | ၉၉၆၄ | ၄၂၈၆ | ၄၃၀၅ | | ၁၉ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၀၈၉ | ၂၃၆ | ၈၅၃ | ၈၂၈ | ၂၅ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၄၇ | ၁၅၃၃၉ | ၁၀၂၀၀ | ၅၁၃၉ | ၅၁၃၃ | ၂၅ | ၁၉ |

### တနိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈ အုပ်စု၊ မဲရုံပေါင်း ၂၃ ရုံ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၄၉၀၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သောလက်မှတ်ဖြတ်ပိုင်းများမှာ ၂၁၉၁၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၉၈၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၃၀၀၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၄၉၀၀ | ၂၁၉၁၅ | ၁၂၉၈၅ | ၁၃၀၀၃ | ၁၃ | ၃၁ |
| ၂ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၈၈၃ | ၉၀၈ | ၂၉၇၅ | ၂၉၇၅ | | |
| | စုစုပေါင်း | ၃၈၇၈၃ | ၂၂၈၂၃ | ၁၅၉၆၀ | ၁၅၉၇၈ | ၁၃ | ၃၁ |

၁၀။ တနိုင်းမြို့နယ် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈ အုပ်စု မဲရုံပေါင်း ၂၃ ရုံတွင် မဲလက်မှတ်အရေအတွက် ၁၃ စောင် ပျောက်ဆုံးနေပြီး ၃၁ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်တွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၂၉၇၅ ဖြစ်ပြီး မြေပြင်လက်ကျန်တွင်လည်း ၂၉၇၅ ဖြစ်သည့်အတွက် ကိုက်ညီမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။

၁၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာ အုပ်စု | မဲရုံ ပေါင်း | ထုတ် ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက် မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | မုန်ဒိန်ကောင်းရပ်ကွက် | ၁ | ၁၆၅၀ | ၁၀၀၈ | ၆၄၂ | ၆၄၂ | | |
| ၂ | ဆွတ်ဒိုင်ရပ်ကွက် | ၁ | ၃၄၀၀ | ၁၈၉၈ | ၁၅၀၂ | ၁၅၀၂ | | |
| ၃ | ဟူးကောင်းရပ်ကွက် | ၁ | ၂၂၀၀ | ၁၄၁၀ | ၇၉၀ | ၇၉၂ | | ၂ |
| ၄ | ကင်ဆားရပ်ကွက် | ၂ | ၃၈၀၀ | ၂၁၈၃ | ၁၆၁၇ | ၁၆၂၁ | | ၄ |
| ၅ | ဒူးကောင်းရပ်ကွက် | ၁ | ၂၉၅၀ | ၁၈၆၂ | ၁၀၈၈ | ၁၀၉၂ | | ၄ |
| ၆ | နောင်လုံကောင်ရာကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၃၀ | ၄၂၀ | ၄၂၄ | | ၄ |
| ၇ | နမ်ဖျက်ယန်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၄၅၃ | ၄၄၇ | ၄၄၇ | | |
| ၈ | တိန်ကောက်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၇၁ | ၂၇၉ | ၂၇၉ | | |
| ၉ | မိုင်းခွန်းကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၄၉၉ | ၇၅၁ | ၇၅၁ | | |
| ၁၀ | ဆင်ဆာ့ကောင်းရပ်ကွက် | ၁ | ၂၄၅၀ | ၁၄၄၀ | ၁၀၁၀ | ၁၀၁၆ | | ၆ |
| ၁၁ | ပုန်ခုန်ကောင်းရပ်ကွက် | ၁ | ၂၅၅၀ | ၁၇၁၃ | ၈၃၇ | ၈၃၅ | ၂ | |
| ၁၂ | အမှတ်(၁)ရပ်ကွက်၊ ရှင်ဗွေယန်မြို့ | ၁ | ၄၀၀ | ၂၈၇ | ၁၁၃ | ၁၀၉ | ၄ | |
| ၁၃ | အမှတ်(၂)ရပ်ကွက်၊ ရှင်ဗွေယန်မြို့ | ၁ | ၈၀၀ | ၅၇၁ | ၂၂၉ | ၂၂၉ | | |
| ၁၄ | အမှတ်(၃)ရပ်ကွက်၊ ရှင်ဗွေယန်မြို့ | ၁ | ၁၄၀၀ | ၉၀၇ | ၄၉၃ | ၄၉၆ | | ၃ |
| ၁၅ | အမှတ်(၄)ရပ်ကွက်၊ ရှင်ဗွေယန်မြို့ | ၁ | ၃၀၀ | ၂၂၈ | ၇၂ | ၇၂ | | |
| ၁၆ | မကောကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၂၂၆၄ | ၁၁၃၆ | ၁၁၄၄ | | ၈ |
| ၁၇ | ရှင်လုံးဂါးကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၃၃ | ၁၁၇ | ၁၁၇ | | |
| ၁၈ | ခလုန်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၃၇ | ၃၆၃ | ၃၆၃ | | |
| ၁၉ | တရုံကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၁၉၂၁ | ၁၀၇၉ | ၁၀၇၂ | ၇ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၃ | ၃၄၉၀၀ | ၂၁၉၁၅ | ၁၂၉၈၅ | ၁၃၀၀၃ | ၁၃ | ၃၁ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၃၈၈၃ | ၉၀၈ | ၂၉၇၅ | ၂၉၇၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၃ | ၃၈၇၈၃ | ၂၂၈၂၃ | ၁၅၉၆၀ | ၁၅၉၇၈ | ၁၃ | ၃၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရန်ကုန်မြို့တွင်း လမ်းပိတ်အတားအဆီးများ ပူးပေါင်းရှင်းလင်း



ရန်ကုန် မေ ၄

ရန်ကုန်မြို့တွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက အများပြည်သူသွားလမ်းများတွင် လမ်းပိတ်အတားအဆီးများ ပြုလုပ်ထားခြင်းကြောင့် ပြည်သူများ စိတ်အေးချမ်းသာယာစွာသွားလာနိုင်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများ ပူးပေါင်း၍ ယန္တရားများ၊ မြေသယ်ယာဉ်များ အသုံးပြုကာ ဖယ်ရှားရှင်းလင်းလျက်ရှိသည်။ (ယာပုံ)

ထိုသို့ရှင်းလင်းရာတွင် ယနေ့နံနက်ပိုင်းမှစ၍ စမ်းချောင်းမြို့နယ် သုခမိန်လမ်း၊ ရှင်စောပုလမ်းတို့မှ သဲအိတ်များနှင့် မီးရှို့ထားသော တာယာများအားလည်းကောင်း၊ အလုံမြို့နယ် ကမ်းနားလမ်းသစ်မှ တာယာအဟောင်းများအား လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်းဆုံမှ တာယာအဟောင်းများနှင့်သဲအိတ်များ အားလည်းကောင်း၊ တာမွေမြို့နယ် သမိန်ဗရမ်းလမ်း၊ ကျိုက္ကဆံလမ်း၊ ဗညားဒလလမ်း၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်လမ်းနှင့် သီတာလမ်းတို့မှ မီးရှို့ထားသောတာယာများ၊ ပုလင်းကွဲများ၊ အမှိုက်ထုပ်များ၊ အုတ်ခဲကျိုးများ၊ သစ်သားများအားလည်းကောင်း၊ သာကေတမြို့နယ် (၁/အနော်မာ) ရပ်ကွက်၊ အနော်မာ (၁၅)လမ်းထိပ်၊ အတွင်းရှခင်းသာလမ်း၊ နိုင်ရွှေဝါလမ်းထိပ်တို့မှ တာယာအဟောင်းများအား လည်းကောင်း၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းနှင့် ခရေပင်လမ်းတို့မှ တာယာအဟောင်းများအား လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် ရတနာလမ်းမှ သဲ၊ ခဲများအား လည်းကောင်း ဖယ်ရှားရှင်းလင်းခဲ့သဖြင့် ပြည်သူများ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဗြိတိန်တွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၄၂၃ ဦးတွေ့ရှိပြီး ၁၀ ဦး သေဆုံး

လန်ဒန် ဧပြီ ၄

ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၄၂၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ တိုင်းပြည်အတွင်း ကိုဗစ်-၁၉ စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၄၃၅၇၀၉၁ ဦးရှိလာသည်ဟု ဧပြီ ၃ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။ တိုင်းပြည်အတွင်း ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး နောက်ထပ်သေဆုံးသူ ၁၀ ဦး တိုးလာခဲ့သည်ဟု သိရသည်။

ထို့ကြောင့် ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူအရေအတွက်မှာ ဗြိတိန်နိုင်ငံတွင် ၁၂၆၈၂၆ ဦး ရှိလာသည်ဟု သိရသည်။ ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအကြော့ ထိုးပြီးသူ ၃၁ ဒသမ ၄ သန်းရှိပြီဟု တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။



ဗြိတိန်နိုင်ငံတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

အစိုးရ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာမှုလုပ်ငန်းအဖွဲ့က ယခုလအတွင်း အရေးမကြီးသည့် နိုင်ငံခြားခရီးသွားလာမှုများကို မည်သို့ပြန်လည်စတင်ရမည်ဖြစ်ကြောင်းကို ထုတ်ဝေရေးသားခဲ့ပြီးနောက် ယခုလို အချက်အလက်များ ပေါ်ထွက်လာခြင်းဖြစ်သည်။

ဒေသခံမီဒီယာများ၏ ဖော်ပြချက်အရ ကာကွယ်ဆေးနှစ်ကြိမ်တိုင်တိုင် ထိုးပြီးသူများ အပြည်ပြည်ဆိုင်ရာခရီးစဉ်မှ ပြန်လာပြီးနောက်တွင် အသွားအလာကန့်သတ်စောင့်ကြည့်မှုမှ ကင်းလွတ်ခွင့် ပေးကောင်းပေးနိုင်သည်ဟု ဖော်ပြကြသည်။

ယင်းအစီအစဉ်အောက်တွင် ခရီးသွားများအားလုံးသည် ဗြိတိန်သို့ ပြန်လည် ဝင်ရောက်သည့်အခါ ကိုဗစ်-၁၉ ကင်းစင်ကြောင်း လက်မှတ် ပြသရန်လိုအပ်သည်ဟု တယ်လီဂရပ်ဖ်က ဖော်ပြထားသည်။

သို့သော်လည်း ကာကွယ်ဆေး အပြည့်အဝထိုးပြီးသူများသည် ကူးစက်မှု အန္တရာယ်နည်းပါးသည့်ဒေသမှ ပြန်လာသည့်အခါတွင် ဆေးစစ်ချက် အနည်းငယ်သာပြုလုပ်ရန် လိုအပ်ပြီး အလယ်အလတ်ကူးစက်မှုရှိသည့်ဒေသမှ ပြန်လာသည့်အခါတွင်လည်း ၁၀ ရက်အကြာ အသွားအလာစောင့်ကြည့်မှုခံရမည့် အရေးမှ ကင်းလွတ်ခွင့် ရကောင်းရနိုင်သည်ဟု ရေးသားဖော်ပြထားသည်။ အင်္ဂလန်တွင် နောက်ထပ် အသွားအလာကန့်သတ်မှုများကို မတ် ၂၉ ရက် တွင် ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။ ဧပြီ ၁၂ ရက်မှစတင်ကာ အရေးတကြီး မလိုအပ်သည့် ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် အရက်ဆိုင်များကို အင်္ဂလန်တွင် ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ် ဖြစ်ပွားမှုနှင့် ရင်ဆိုင်ရ

နယူးဒေလီ ဧပြီ ၄

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု နောက်ထပ်ဖြစ်ပွားမှုအသစ်နှင့် ရင်ဆိုင်နေရပြီး တစ်နေ့နှင့်တစ်နေ့ အခြေအနေများ ပို၍ ဆိုးရွားလာသည်ဟု ယခုသီတင်းပတ်အစောပိုင်းတွင် အစိုးရအဆင့်မြင့်အရာရှိကြီးက ပြောသည်။ ယခုအခါ ပြင်းထန်ပြီး ဆိုးရွားသည့် အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း၊ အချို့သော ခရိုင်များတွင် ပို၍သိသာကြောင်း အစိုးရ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရေးအဖွဲ့ ဥက္ကဋ္ဌ ဖြစ်သူ ဗီနော့ပေါလ်က ပြောသည်။



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

အနောက်တောင်ပိုင်းပြည်နယ်ဖြစ်သည့် မဟာရက်ရှ်ထရာမှာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်မနေရာဖြစ်လာပြီး နောက်ထပ် ကိုဗစ်-၁၉ ကူးစက်မှု သုံးပုံတစ်ပုံမှာ အဆိုပါပြည်နယ်မှဖြစ်သည်ဟု သိရသည်။ အခြေအနေများ ဆက်လက်ဆိုးရွားလာလျှင် နောက်ထပ် အသွားအလာပိတ်ဆို့ကန့်သတ်မှု ဖြစ်လာနိုင်သည်ဟု မဟာရက်ရှ်ထရာ ဝန်ကြီးချုပ် အူဒ္ဓေသက်ကရေးက ပြောသည်။

မြို့တော်ဒေလီတွင်လည်း ကိုဗစ်-၁၉ ကူးစက်မှု အများဆုံးဖြစ်နေပြီး နောက်ထပ်ကူးစက်မှုများနှင့်လည်း ရင်ဆိုင်နေရသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၃၂၄၉ ရှိပြီး သေဆုံးသူ ၅၁၃ ဦးရှိသည်ဟု သိရသည်။ အိန္ဒိယနိုင်ငံတွင် လူပေါင်း ၇၃ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်ပြီး တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး အစုလိုက် ထိုးနှံပေးခြင်းကို ဧပြီ ၁ ရက်တွင် စတင်ခဲ့သည်။ အသက် ၄၅ နှစ်နှင့်အထက်များကို ကာကွယ်ဆေးထိုးပေးခြင်းဖြစ်သည်ဟု သိရသည်။

ဆင်ဟွာ

## တိုကျိုတွင် ကိုဗစ်-၁၉ ဖုန်းခေါ်ဆိုရေးစင်တာအတွက် ဘာသာပေါင်းစုံနှင့် ဖြေကြားသည့် ဝန်ဆောင်မှုတိုးချဲ့

တိုကျို ဧပြီ ၄

ကိုဗစ်-၁၉ အရေးပေါ်ဖြေကြားမှုအတွက် တိုကျိုမြို့ အစိုးရက ဘာသာပေါင်းစုံနှင့် ဝန်ဆောင်မှုတိုးချဲ့ခဲ့ပြီး နိုင်ငံခြားဘာသာ ၁၁ မျိုးဖြင့် ဖြေကြားမှုစတင်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ နှင့် ဆက်စပ်သည်များကို ဖြေကြားပေးသည့် စင်တာတွင် ကိုဗစ်-၁၉ ရောဂါလက္ခဏာများနှင့် ဆေးစစ်မှုများကို ဖြေကြားပေးမည်ဖြစ်သည်။ စင်တာသို့ ဖုန်းခေါ်ဆိုသူများထံ အနီးစပ်ဆုံး ကျန်းမာရေးအင်စတီကျူးရှိရာဌာနသို့ တိုကျိုမြို့ အဖျားရောဂါကုသရေး စင်တာက သတင်းအချက်အလက်များ ပေးပို့သည်။

ယခုလမှစတင်ကာ ဝန်ဆောင်မှုတွင် မြန်မာ၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ကိုရီးယား၊ နီပေါ၊ ပေါ်တူဂီ၊ စပိန်၊ ထိုင်းနှင့် ဗီယက်နမ် ဘာသာစကားတို့ဖြင့် ဖြေကြားပေးမည်ဟု တိုကျိုမြို့ အုပ်ချုပ်ရေးအစိုးရအဖွဲ့က ပြောသည်။ ကိုဗစ်-၁၉ ဖုန်းခေါ်ဆိုရေး စင်တာကို နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ ဝန်ဆောင်မှုပေးမည် ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# ပြင်သစ်နိုင်ငံတွင် တတိယအကြိမ်မြောက် တစ်နိုင်ငံလုံးအနှံ့ အသွားအလာကန့်သတ်မှုအတွင်း ဝင်ရောက်လာ

ပါရီ ဧပြီ ၄

ပြင်သစ်နိုင်ငံတွင် မကြာသေးမီအချိန်အတွင်းက ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ များလာသည့်အတွက် တစ်နိုင်ငံလုံးအနှံ့ တတိယအကြိမ်မြောက် အသွားအလာကန့်သတ်မှုအတွင်းသို့ ထပ်မံဝင်ရောက်လာပြီဟု သိရသည်။

ကူးစက်မှုများလာသည့်အတွက် တိုင်းပြည်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကိုလည်း ထိခိုက်လာရသည်။ ဗြိတိန်နိုင်ငံတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မှာ ပြင်သစ်နိုင်ငံတစ်လွှားတွင် ပျံ့နှံ့နေပြီး နေ့စဉ်ကူးစက်မှုများမှာ ၆၀၀၀၀ နီးပါးရှိလာသည်။ အရေးပေါ် အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှုခံယူနေသူမှာလည်း ၅၂၀၀ ကျော်ရှိလာသည်။ ယင်းအရေအတွက်မှာ ပြီးခဲ့သည့် အခေါက်များက ကူးစက်မှုအမြင့်ဆုံးကာလကထက်ပင် အရေအတွက်များပြားနေသည်ကို တွေ့ရသည်။ ပြည်သူများ အပြင်ထွက်သွားလာမှုနှင့် ဈေးဝယ်စင်တာများတွင် သွားလာမှုအချိန်ကိုလည်း ဧပြီ ၃ ရက်မှစတင်ကာ အစိုးရက ကန့်သတ်မှုများ တိုးချဲ့ခဲ့သည်။

ယခုတစ်ကြိမ်သည် တစ်နိုင်ငံလုံးအနှံ့အသွားအလာကန့်သတ်မှု တတိယအကြိမ်မြောက် ပြုလုပ်ခြင်းလည်းဖြစ်သည်။ ယခုတစ်ကြိမ်တွင်မူ အစိုးရသည် ကျောင်းများကို ပိတ်ထားရန် ဆုံးဖြတ်ခဲ့သည်။ ကျောင်းများကို ပထမဆုံးအကြိမ်အဖြစ် သုံးပတ်တာ ပိတ်ထားရန် ဆုံးဖြတ်ခဲ့ပြီး အတန်းကြီးကျောင်းသားများကိုမူ ဧပြီ ၆ ရက်မှစတင်ကာ လေးပတ်ကြာ ကျောင်းပိတ်ထားရန် ဆုံးဖြတ်ခဲ့သည်။ ပြီးခဲ့သည့် အသွားအလာပိတ်ဆို့ကန့်သတ်မှု နှစ်ကြိမ်စလုံးနှင့် မတူညီသည်မှာ ပြည်သူများသည် နေအိမ်မှ ၁၀ ကီလိုမီတာအတွင်းသာ သွားလာလှုပ်ရှားခွင့်ပေးထားသည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က တိုင်းပြည်အတွင်းရှိ အထူးကြပ်မတ်ကုသဆောင်ကို လက်ရှိ ၇၀၀၀ မှ ၁၀၀၀၀ အထိတိုးချဲ့ရန် လုပ်ဆောင်လျက်ရှိသည်။ အစိုးရ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရေးအစီအစဉ်ကိုလည်း အရှိန်အဟုန်မြှင့်တင်ရန် အစိုးရက ကြိုးပမ်းလျက်ရှိသည်။




ပြင်သစ်နိုင်ငံတွင် ဈေးဆိုင်များပိတ်ထားသည်ကို တွေ့ရစဉ်။

ဆင်ဟွာ

# ကိုဗစ်ကာလ ကန့်သတ်ပိတ်ဆို့မှုတွေကြောင့် အခက်ကြုံနေတဲ့ ဖိလစ်ပိုင်လူမှုဘဝများ

— — လင်းဟန်သစ် — —

လွန်ခဲ့တဲ့ မတ်လက ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးဟာ မြို့တော်မနီလာမှာ ကိုဗစ်-၁၉ ဆန့်ကျင်ရေးဆောင်ရွက်ချက်တွေကို ချမှတ်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ချက်တွေ ချမှတ်ခဲ့ရာမှာ စီးပွားရေးလှုပ်ရှားဆောင်ရွက်မှုတွေ ကန့်သတ်တာတွေ၊ ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေအိမ်ထဲမှာပဲ နေထိုင်ရေးတွေလည်း ပါဝင်ပါတယ်။ နောက်ထပ် တစ်နှစ်အကြာမှာတော့ အဲဒီလို ဘက်ပေါင်းစုံကန့်သတ်ချက်တွေ လုပ်ဆောင်ခြင်းဟာ ပြည်သူလူထုအတွက် အကောင်းဆုံး ကြိုးစားခဲ့တယ်ဆိုတာကို သက်သေပြနေမှာ ဖြစ်ပါတယ်။

## ဘာလုပ်လို့ လုပ်ရမှန်းမသိ

လွန်ခဲ့တဲ့နှစ် ဇန်နဝါရီလက မြို့တော်မနီလာမှာ ဂျုပန်စားသောက်ဆိုင်လေးတစ်ဆိုင်လာဖွင့်ထားတဲ့ အသက် ၂၆ နှစ်အရွယ် ဂျွန်အားဝမ်မန်ချီလည်း လွန်ခဲ့တဲ့သုံးလ အသွားအလာကန့်သတ်ပိတ်ဆို့မှု စတင်တဲ့အချိန်မှာပဲ သူ့ရဲ့ဆိုင်လေး ပိတ်သိမ်းဖို့ သက်ဆိုင်ရာက လမ်းညွှန်ချက်ထုတ်ပြန်ခဲ့ပါတယ်။ နောက်ပိုင်း လအတော်ကြာပြီးနောက်မှာ သူ့ရဲ့ဆိုင်လေးကို ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ သို့သော်လည်း ပုံမှန်အားပေးသူ သူ့ရဲ့ ဖောက်သည်တွေကတော့ အိမ်ထဲမှာပဲ နေထိုင်နေရဆဲဖြစ်ပါတယ်။ အခုတော့ သူ့ရဲ့စီးပွားရေးလုပ်ငန်းဟာ အွန်လိုင်းပို့ဆောင်မှုပေါ်မှာပဲ လုံးဝမှီတည်နေပြီဖြစ်ပါတယ်။

ဒါက ကျွန်တော့်အတွက်အတော့်ကို ခက်ခဲခဲ့ပါတယ်လို့ မန်ချီက ပြောခဲ့ပါတယ်။ ကျွန်တော် ဘာလုပ်လို့ ဘာကိုင်ရမလဲ မသိဘူး။ ကျွန်တော့်မှာ ပုံမှန်ဖောက်သည်မရှိဘူးလို့ သူက ပြောပါတယ်။

## အနက်ရှိုင်းဆုံး ကျဆင်းလာ

လွန်ခဲ့တဲ့နှစ်က ဖိလစ်ပိုင်နိုင်ငံရဲ့ အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ဟာ ၉ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်ကတည်းက ရရှိခဲ့တဲ့ အချက်အလက်တွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဒါဟာ အနက်ရှိုင်းဆုံး ကျဆင်းလာတာပဲ ဖြစ်ပါတယ်။ ဒါဟာ ကိုဗစ်-၁၉ စီးပွားရေးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုတွေကြောင့် ဖြစ်ပါတယ်။

စီးပွားရေးခေါင်းဆောင်များနဲ့ ဒေသခံအတော်များများဟာ ကန့်သတ်ပိတ်ဆို့မှုတွေ လျှော့ချဖို့ အစိုးရကို တိုက်တွန်း ပြောကြားလိုက်ပါတယ်။ သို့သော်လည်း ဒူတာတေးကတော့ ရပ်တည်ချက် ခိုင်ခိုင်မာမာနဲ့ ကိုဗစ်-၁၉ ကို ကိုင်တွယ်ဖြေရှင်းနေပါတယ်။ ကိုဗစ်-၁၉ ကို ထိန်းချုပ်ခြင်းဟာ အရေးကြီးဦးစားပေးအလုပ်အနေနဲ့ ဆက်လက်ရှိနေဦးမှာဖြစ်ကြောင်းနဲ့ ကာကွယ်ဆေး ကျယ်ကျယ်ပြန့်ပြန့် မရခင်ကာလအတွင်းမှာ ကိုဗစ်-၁၉ ကန့်သတ်ဆောင်ရွက်ချက်တွေကို လျှော့ချပေးသွားမှာ မဟုတ်ဘူးလို့ သူက ပြောကြားလိုက်ပါတယ်။

## ဆင်းရဲတဲ့ပြည်သူတွေကို ပိုမိုအကျပ်တွေ့စေ

နိုင်ငံအများစုကဲ့သို့ပဲ ကိုဗစ်-၁၉ ကန့်သတ်ဆောင်ရွက်ချက်တွေဟာ ဆင်းရဲတဲ့ပြည်သူတွေကို ပိုမိုအကျပ်တွေ့စေပါတယ်။ မနီလာမြို့ရဲ့ ဆင်းရဲသားရပ်ကွက်မှာနေတဲ့ အသက် ၄၂ နှစ်ရှိ လီယိုနာဒို အာမာဒင်ဟာ ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှု စတင်လိုက်ကတည်းက သူ့ရဲ့ စားပွဲထိုးအလုပ်ပြုတ်သွားပါတယ်။ ပိုဆိုးတာက နောက်ထပ် ဘယ်အလုပ်မှ ထပ်မရတာပါပဲ။ သူ့ရဲ့ သမက်ဟာ နေ့စဉ်ကုန်စည်လေးတွေရောင်းချပြီး မိသားစု ရှစ်ယောက်ရှိတဲ့ အိမ်ထောင်စုရဲ့ အသက်ရှင်သန်ရေး ရုန်းကန်လှုပ်ရှားနေရပါတယ်။ သို့သော်လည်း လွန်ခဲ့တဲ့နှစ်ကတော့ သူတို့တွေဟာ ဝေ့မှတ်ခေါင်းပါး



နေအိမ်တွင် အွန်လိုင်းဖြင့် စာသင်နေရသည့် ကလေးငယ်ကို တွေ့ရစဉ်။

မှုဆီသို့ တဖြည်းဖြည်းရောက်ရှိခဲ့ပါတယ်။ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံမှာ ဒါဟာ ပုံမှန်ဖြစ်နေကျ မြင်ကွင်းတစ်ခုဖြစ်သလို ဆင်းရဲတဲ့သူတွေ နေ့စဉ်ကြုံတွေ့နေရတဲ့ ဘဝတစ်ခုလည်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ် နိုဝင်ဘာလက ကောက်ယူခဲ့တဲ့ စစ်တမ်းတစ်ခုမှာ နိုင်ငံအတွင်းမှာရှိတဲ့ မိသားစု လေးသန်းလောက်ဟာ ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှု စတင်လိုက်ကတည်းက အနည်းဆုံးအနေနဲ့ တစ်ကြိမ်တစ်ခါတော့ အငတ်ဘေးဆိုက်ခဲ့တယ်လို့ ဖော်ပြလိုက်ပါတယ်။

## မြူးတစ်ပြားတောင်မရှိ

အလုပ်တစ်ခု လိုအပ်တယ်။ ဘယ်လိုအလုပ်ပဲဖြစ်ဖြစ်ပေါ့လို့ အာမာဒင်က စိတ်ပျက်အားငယ်စွာ ပြောလာပါတော့တယ်။ ကျွန်တော်တို့မှာ ကလေးတွေနဲ့ မြေးလေးတွေအတွက် ယုတ်စွအဆုံး အစားအစာ လေးတောင်ဝယ်ဖို့ မြူးတစ်ပြားတောင်မရှိပါဘူးလို့ စိတ်မကောင်းစွာ ပြောကြားလာပါတယ်။

အသက် ကိုး နှစ်ရှိတဲ့ ဂျွန်ဘာဝယ်လာက အာမာဒင်ရဲ့ အိမ်ဘေးမှာ နေထိုင်ပါတယ်။ ကျောင်းတွေကလည်း ပိတ်နေတော့ အိမ်မှာပဲ နေပြီး တစ်ယောက်တည်း လေ့လာနေရပါတယ်။ ဆင်းရဲတဲ့မိသားစုကို မြို့က ခထာငှားထားတဲ့ တက်ဘလက်လေးနဲ့ အသုံးပြုနေရပါတယ်။ သို့သော်လည်း သူတို့နေတဲ့နေရာက အင်တာနက်ဆက်သွယ်ရေး မကောင်းတော့ သင်ထောက်ကူတွေကို ဒေါင်းလုတ်ဆွဲလို့မရ၊ မေးခွန်းတွေ မေးလို့မရ ဖြစ်ခဲ့ရပါတယ်။

## တစ်ယောက်တည်းအထီးကျန်စွာ စာလေ့လာ

ဂျွန်ဘာဝယ်လာက သူ့အနေနဲ့ အိမ်မှာ တစ်ယောက်တည်း စာလေ့လာနေရတဲ့အတွက် အထီးကျန်နေတယ်လို့ ပြောပါတယ်။ ပြီးတော့လည်း ကျွန်တော့်သူငယ်ချင်းကို မတွေ့ရဘူးလို့ သူက ဝမ်းနည်းပက်လက်ပြောပါတယ်။

လုံလောက်တဲ့ အင်တာနက်မရတဲ့အတွက် မူလတန်းကနေ အထက်တန်းအထိ ကျောင်းသားပေါင်း ၆၀ ရာခိုင်နှုန်း၊ ပမာဏအားဖြင့် ၁၄ ဒသမ ၄ သန်းဟာ အွန်လိုင်းက စာလေ့လာလို့ မရဘူးလို့ ဖိလစ်ပိုင်ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြထားပါတယ်။

## ဖွံ့ဖြိုးတိုးတက်မှုကို ဒုက္ခပင်လယ်ဝေစေ

အလုပ်လက်မဲ့ပြဿနာနဲ့ ကျောင်းတွေပိတ်ထားခြင်းဟာ ဖွံ့ဖြိုးတိုးတက်မှုကို ဒုက္ခပင်လယ်ဝေစေပါတယ်။ နိုင်ငံရဲ့ တရားစီရင်ရေးဌာနရဲ့ အလိုအရ အလုပ်မရှိတဲ့လူတွေဟာ ပိုက်ဆံရှာဖို့ ဖြစ်မှုမကင်းတဲ့ ဗီဒီယိုတွေကို အွန်လိုင်းပေါ်တင်တဲ့ ဖြစ်မှုတွေ အတော်များများ ကျူးလွန်နေကြတယ်လို့ ဆိုပါတယ်။

လွန်ခဲ့တဲ့နှစ်က အွန်လိုင်းပေါ်ကို တင်ခဲ့တဲ့ ဗီဒီယိုနဲ့ ပုံအရေအတွက်ဟာ ၁ ဒသမ ၂၉ သန်းလောက်ရှိပါတယ်။ ဒါဟာ လွန်ခဲ့တဲ့နှစ်ထက် သုံးဆလောက် ပိုမိုများလာတာကို တွေ့ရပါတယ်။ အဲဒီလိုဖြစ်စဉ်မှာ ပါဝင်တဲ့သနားစဖွယ် ကလေးငယ်သားကောင်တွေကို မနီလာထိန်းသိမ်းရေးစခန်းမှာ ကောင်းမွန်စွာ ထိန်းသိမ်းပေးထားပါတယ်။

မိဘတွေဟာ အလုပ်ဆုံးရှုံးမှုတွေ ပိုမိုအဖြစ်များလာတာကြောင့် အဲဒီလိုသနားစဖွယ် သားကောင်တွေဟာ တစ်နေ့တခြား ပိုများလာပါတယ်။ မိမိတို့ရဲ့ ထိန်းသိမ်းရေးစခန်းကို ရောက်လာတဲ့ကလေးငယ်တွေဟာ စိတ်တွေဆောက်တည်ရာမရ ရှုပ်ထွေးနေပြီး အလွန်အမင်းနာကျင်ခံစားရမှုတွေရှိတယ်လို့ ထိန်းသိမ်းရေးစင်တာရဲ့ ဝန်ထမ်းတစ်ဦးဖြစ်သူ ယူနစ်ဒီပါဆူပယ်က စိတ်မကောင်းစွာနဲ့ပြောပါတယ်။ အစိုးရအနေနဲ့ တစ်ခုခုပြုလုပ်သင့်နေပြီလို့လည်း သူကအကြံပြုပြောကြားလိုက်ပါတယ်။

## မလုံလောက်သေးဘူး

အခုချိန်ထိကတော့ ဖိလစ်ပိုင်သမ္မတဒူတာတေးဟာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရှိနှစ်ကျော့ပြန် ထောက်ပံ့ပေးရေးအစီအစဉ်တွေကို အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီအစီအစဉ်ထဲမှာ အလုပ်မရှိတော့တဲ့သူတွေကို အစားအစာနဲ့ ငွေကြေးထောက်ပံ့တာတွေ ပါဝင်ပါတယ်။ သို့သော်လည်း ဝေဖန်ပြစ်တင်သူတွေက အဲဒီလိုလုပ်ပေးနေတာနဲ့ မလုံလောက်သေးဘူးလို့ ပြောဆိုကြပါတယ်။

ဖိလစ်ပိုင်နိုင်ငံမှာ ယခုလအစောပိုင်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို စတင်ခဲ့ပါတယ်။ သို့သော်လည်း ကိုဗစ်-၁၉ မျိုးစိတ်သစ်က အသစ်တစ်ဖန်ကူးစက်မှုကို မြင့်တက်လာစေပါတယ်။ မတ် ၂၆ ရက်က နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုဟာ ၉၈၀၀ ကျော်ရှိခဲ့ပါတယ်။ အခုတော့ အစိုးရဟာ ကိုဗစ်-၁၉ ကို တိုက်ဖျက်ဖို့ ကန့်သတ် ပိတ်ဆို့ဆောင်ရွက်မှုကို အမြင့်ဆုံးအဆင့် အထိမြှင့်တင်လိုက်ပါပြီ။ မကြာမီအချိန်အတွင်းမှာ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ ဒီကိုဗစ်-၁၉ ကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ရင်း...။

ကိုးကား - အင်နိအိတ်ချ်ကေ

"စီးပွားရေးခေါင်းဆောင်များနဲ့ ဒေသခံအတော်များများဟာ ကန့်သတ်ပိတ်ဆို့မှုတွေ လျှော့ချဖို့ အစိုးရကို တိုက်တွန်းပြောကြားလိုက်ပါတယ်။ သို့သော်လည်း ဒူတာတေးကတော့ ရပ်တည်ချက် ခိုင်ခိုင်မာမာနဲ့ ကိုဗစ်-၁၉ ကို ကိုင်တွယ်ဖြေရှင်းနေပါတယ်။ ကိုဗစ်-၁၉ ကို ထိန်းချုပ်ခြင်းဟာ အရေးကြီးဦးစားပေးအလုပ်အနေနဲ့ ဆက်လက်ရှိနေဦးမှာဖြစ်ကြောင်းနဲ့ ကာကွယ်ဆေး ကျယ်ကျယ်ပြန့်ပြန့် မရခင်ကာလအတွင်းမှာ ကိုဗစ်-၁၉ ကန့်သတ်ဆောင်ရွက်ချက်တွေကို လျှော့ချပေးသွားမှာမဟုတ်ဘူးလို့ သူက ပြောကြားလိုက်ပါတယ်"

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၄-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၄-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၃၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၄၄,၁၄၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၁၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၁၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၄-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၁၃၈၃၁၂၆ | ၂၃၈၉၄၆၃၂ | ၅၆၈၅၁၃ |
| ၂။ | ဘရာဇီး | ၁၂၉၅၃၅၉၇ | ၁၁၃၀၅၇၄၆ | ၃၃၀၂၉၇ |
| ၃။ | အိန္ဒိယ | ၁၂၄၈၅၅၀၉ | ၁၁၆၂၉၂၈၉ | ၁၆၄၆၅၅ |
| ၄။ | ပြင်သစ် | ၄၇၄၁၇၅၉ | ၂၉၇၇၃၄ | ၉၆၄၉၃ |
| ၅။ | ရုရှား | ၄၅၈၀၈၉၄ | ၄၂၀၄၀၈၁ | ၁၀၀၃၇၄ |
| ၆။ | ဗြိတိန် | ၄၃၅၇၀၉၁ | ၃၈၈၈၄၅၅ | ၁၂၆၈၂၆ |
| ၇။ | အီတလီ | ၃၆၅၀၂၄၇ | ၂၉၇၄၆၈၈ | ၁၁၀၇၀၄ |
| ၈။ | တူရကီ | ၃၄၄၅၀၅၂ | ၃၀၈၂၆၇၆ | ၃၂၀၇၈ |
| ၉။ | စပိန် | ၃၃၀၀၉၆၅ | ၃၀၅၄၇၂၅ | ၇၅၆၉၈ |
| ၁၀။ | ဂျာမနီ | ၂၈၈၆၀၂၀ | ၂၅၆၉၄၀၀ | ၇၇၅၀၂ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၄-၄ -၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၃၄၂၅၅ | ၁၃၇၅၈၇၇ | ၄၁၆၆၉ |
| ဖိလစ်ပိုင် | ၇၉၅၀၅၁ | ၆၄၆၁၀၀ | ၁၃၄၂၅ |
| မလေးရှား | ၃၅၀၉၅၉ | ၃၃၅၁၆၂ | ၁၂၈၈ |
| မြန်မာ | ၁၄၂၅၁၁ | ၁၃၁၈၁၅ | ၃၂၀၆ |
| စင်ကာပူ | ၆၀၄၇၈ | ၆၀၁၈၅ | ၃၀ |
| ထိုင်း | ၂၉၁၂၇ | ၂၇၇၇၄ | ၉၅ |
| ကမ္ဘောဒီးယား | ၂၆၈၉ | ၁၆၅၃ | ၁၉ |
| ဗီယက်နမ် | ၂၆၃၁ | ၂၃၈၃ | ၃၅ |
| ဘရူနိုင်း | ၂၁၄ | ၁၃၁ | ၁ |
| လာအို | ၄၉ | ၄၆ | ၀ |

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား COVID- 19 ရောဂါကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဧပြီ ၄

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေး အတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ် များ ဖြင့် သယ်ယူပို့ဆောင်ပေးခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နှင့် ဆီဆိုင်မြို့၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၊ လှိုင်းဘွဲ့မြို့ နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြု များပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID - 19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၄

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး နှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်၍ လုံခြုံရေးအား နေ့ည မပြတ် ပြည့်ဝစွာဆောင်ရွက်ပေး လျက်ရှိရာ ယနေ့တွင်လည်း မိဘ ပြည်သူများအနေဖြင့် စိတ်အေး ချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေ ရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်း များကို ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များက နေ့ည မပြတ် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ပေးသွား မည်ဖြစ်ကြောင်း သတင်းရရှိ သည်။ (အောက်ပုံ)

သတင်းစဉ်



# ပြည်သူတွေရဲ့ ကျန်းမာရေး ကွက်လပ် ဖြည့်ပေးပါ

## မောင်ဝင်းမိုးမိုးဟန် (ပန်းလှိုင်)

"လုံးစုံများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး ငြိမ်းအေးကြပါစေ"၊ "ခုနစ်ရက်သားသမီးအားလုံး ကျန်းမာချမ်းသာ ရှိကြပါစေ" ဟု အမေမိုးရဲ့ ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဆိုဝတ်ပြုအပြီး မေတ္တာပို့ဆုတောင်းသံသည် ကျွန်တော်တို့ အိမ်လေးထဲ ပျံ့လွင့်နေသည်။ အမေမိုးက သတ္တဝါအားလုံးကို ကျန်းမာချမ်းသာ ဘေးရန်ကွာစေချင်ပေမယ့် သူကိုယ်တိုင်တော့ မကျန်းမာပေ။ သူကိုယ်တိုင် မကျန်းမာတာမို့ ကျန်းမာခြင်းလာဘ်ကို ပိုသိပြီးတော့ တစ်ပါးသူတွေကို ကျန်းမာစေချင်၊ ဘေးရန် ကွာစေချင်ခြင်း ဖြစ်လိမ့်မည်။

ပုံမှန် ကျောက်ကပ်ဆေးနေရတဲ့ အမေမိုးကို လည်း ကျန်းမာချမ်းသာစွာနဲ့ အသက်ရာကျော် နေစေလိုသည်မှာ သားတစ်ယောက်ရဲ့ ဆန္ဒ။ "ခုချိန် ဆေးရုံ ဆေးခန်းသွားရတာ ဒုက္ခတွေ များပါတယ် သားရယ်၊ အမေ့အတွက် ဒုက္ခမရှာနဲ့" လို့ ပြောလာတော့ "ဘယ်ဟုတ်မလဲ အမေမိုးရယ်၊ ကျန်းမာအောင် ပြုရမှာပေါ့" လို့ အမေအားရှိအောင် ဆိုလိုက်ရသော်လည်း ရင်မောနေရတာကတော့ အမှန်။ အမေ့ ကျန်းမာရေးအတွက် ပူပန်သလို ကျန်းမာရေးအတွက် ငွေကြေးလိုအပ်မှုရှိမှာလည်း ပူနေရသည်သာ။

အမေမိုးရဲ့ ကျန်းမာရေးအတွက် အရင်ကလို ဆေးရုံမှာ ဆေးကုသခံဖို့ကမလွယ်။ ကျောက်ကပ်ဆေးရတဲ့ လူမမာမိသားစုဟာ ဆေးရုံနဲ့ အိမ်ကို အိမ်ဦးနဲ့ ကြမ်းပြင်လို သဘောထားနေရတာ ဖြစ်ပါတယ်။ ဆေးရုံနဲ့ အိမ်ဟာ အိမ်ဦးနဲ့ ကြမ်းပြင်လို နီးချင်လည်း နီးပါစေ၊ မိုးနဲ့ မြေလို ကွာဝေးချင်လည်း ကွာဝေးပါစေ၊ ကျန်းမာရေးဆိုတော့ ဆေးရုံကို ရောက်အောင်သွားပြရမှာက လူမမာ၊ လူနာနဲ့ သူ့မိသားစု တာဝန်ပေမို့ပါ။

### ပြည်သူတွေရဲ့ ကျန်းမာရေးလျစ်လျူမရှုစေလို

သို့ပေြားလည်း ဆေးရုံရောက်ပေမယ့် ဆရာဝန်မရှိတဲ့အခါ လူနာတွေမှာ ကျန်းမာရေးအတွက် ပူပန်စိုးရိမ်ရပါတယ်။ အခုချိန်မှာတော့ CDM လှုံ့ဆော်စည်းရုံးမှုတွေကြောင့် ဆရာဝန်တွေ၊ သူနာပြုတွေလည်း ဆေးရုံမှာ အင်အားပြည့်မရှိ။ အခုလိုမျိုး ဆရာဝန်တွေဟာ တာဝန်ကျရာ ဆေးရုံ၊ ဆေးခန်းတွေကို စွန့်ခွာပြီး ပြည်သူတွေရဲ့ ကျန်းမာရေးကို လျစ်လျူမရှုစေလိုပါ။

ပြည်သူ့ဆေးရုံဆိုတာက ကားနဲ့လာတဲ့ လူနာ၊ ဆိုင်ကယ်နဲ့လာတဲ့ လူနာ၊ ဆိုက်ကားနဲ့လာတဲ့ လူနာ ဘယ်လိုလူနာမျိုးမဆို အားလုံးအတွက် ဆေးကုသမှုစရိတ် အသက်သာဆုံးနေရာ။ ပြည်သူ့ဆေးရုံတွေက ကျွန်တော်တို့လို အခြေခံလူတန်းစား မိသားစုတွေရဲ့ ကျန်းမာရေးအတွက် အားကိုးရာပါ။

ဒီလိုမျိုး ပြည်သူ့ဆေးရုံတွေမှာ ဆရာဝန်တွေမရှိတဲ့အခါ ပြည်သူ့ဆေးရုံတွေကို ကျော်လွန်ပြီး ပုဂ္ဂလိကဆေးရုံဆီ ဆေးကုသမှုအတွက် သွားရပါတယ်။ ပုဂ္ဂလိက ဆေးရုံဆိုတာ ဆေးကုသမှုအတွက် ဝန်ဆောင်ခယူပြီး ကျန်းမားရေးစောင့်ရှောက်မှု ပေးတာဖြစ်တဲ့အတွက် ကုန်ကျစရိတ်ဆိုတာ ရှိပါတယ်။ ကျောက်ကပ်ဆေးရတဲ့ လူနာမိသားစုမှာ လူနာကို ပြုစုစောင့်ရှောက်ရတဲ့ တာဝန်၊ ကုန်ကျစရိတ် တာဝန်တွေကို ရပ်ထဲရွာထဲ ကြားဖူးနားဝ ရှိကြတာမို့ အကျယ်ချဲ့ပြီး မပြောလိုပေမယ့် ကျွန်တော်တို့လို အခြေခံလူတန်းစား မိသားစုအတွက် ကုန်ကျစရိတ်က ထောင်းလှပါတယ်။

ပုဂ္ဂလိက ဆေးရုံတွေထက် ကုန်ကျမှုသက်သာတဲ့ ပြည်သူ့ဆေးရုံတွေမှာတောင် ဆေးကုသမှု ခံယူဖို့ ခက်ခဲနေတဲ့ ပြည်သူတွေလည်း ရှိနေပါတယ်။ ဆေးရုံအတူတက်တဲ့သူချင်းသာမက ဆရာဝန်နဲ့ သူနာပြုတွေပါမကျန် တတ်အားသမျှ ငွေကြေး ထောက်ပံ့ကူညီမှု၊ ဝိုင်းဝန်းကူညီစောင့်ရှောက်မှုနဲ့ ဆေးကုသမှု ခံယူရတဲ့သူတွေ ရှိနေဆဲပါ။ ဒီလို ပြည်သူတွေကြားက ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အခက်အခဲတွေကို လူနာတွေနဲ့ နီးစပ်စွာ ထိတွေ့နေတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေက အသိဆုံးပါ။ ဒါကြောင့် ကျန်းမာရေးနဲ့ ပတ်သက်ရင် ပြည်သူတစ်ယောက်အနေနဲ့ အကောင်းတကာ့ အကောင်းဆုံးကိုပဲ မျှော်လင့်တောင့်တမိပါတယ်။



◆ ဆေးရုံမှာ ဆရာဝန်တွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုခံယူဖို့ မျှော်နေရင်း ဝေဒနာတွေနဲ့ အားငယ်နေတဲ့ လူနာတွေ မရှိစေလိုပါ။ ဒါကြောင့် CDM ကြောင့် ဆေးရုံနှင့်ကင်းကွာ၊ လူနာတွေနဲ့ ကင်းကွာနေတဲ့ ဆရာဝန်၊ သူနာပြုဆရာ၊ ဆရာမ အားလုံးအနေနဲ့ ပြည်သူ့ကျန်းမာရေး အလေးပေးပြီးတော့ သမားဂုဏ်ရည် ပြပေးကြဖို့

### ပြည်သူတွေရဲ့ ကျန်းမာရေးဖြည့်ဆည်းစေလို

တကယ်တော့အစိုးရနဲ့ လူနာဟာ အလှမ်းဝေးလှပါတယ်။ ဒါကို ခွဲခြား မြင်ပေးစေလိုပါတယ်။ ပြည်သူ့ဆေးရုံတွေ ပိတ်လိုက်လို့ အစိုးရတစ်ရပ် ဒုက္ခရောက်မသွားပါ။ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဆေးရုံနဲ့ ဆရာဝန် ကင်းကွာနေတဲ့အတွက် ဒုက္ခရောက်မှာ အခြေခံလူတန်းစား ပြည်သူတွေပဲ ဖြစ်ပါတယ်။ ကျန်းမာခြင်းဟာ လာဘ်တစ်ပါးလို့ ဆိုကြတာမို့ ပြည်သူတွေရဲ့ ကျန်းမာရေးကို နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်တွေအနေနဲ့ ပြည်သူတွေ လာဘ်တစ်ပါး ပိုင်ဆိုင်နိုင်အောင် ဖြည့်ဆည်းပေးစေလိုပါတယ်။

မကျန်းမာတဲ့ မိသားစုဝင် တစ်ယောက်ရှိတဲ့ ပြည်သူတစ်ယောက်ရဲ့ အမြင်ကိုလည်း မျှဝေလိုပါတယ်။ လူနာမိသားစုဟာ လူနာကို ဆရာဝန်တွေရဲ့ ညွှန်ကြားချက်အတိုင်း ပြုစုစောင့်ရှောက်နိုင်ပေမယ့် ဆရာဝန်တွေလိုတော့ ကုသမှုမပေးနိုင်ပါဘူး။ ကျန်းမာရေးအတွက် လိုအပ်မှုရှိတဲ့အခါ ဆေးရုံဆီ ရောက်အောင်ပဲ လာနိုင်တာပါ။ ရောဂါပျောက်ကင်းအောင်၊ သက်သာအောင် ကုသနိုင်သူမှာ ဆရာဝန်တွေသာဖြစ်တာမို့ ဆေးရုံနဲ့ ဆရာဝန်တွေ ခွဲခြားမနေစေလိုပါ။

ဆရာဝန်တွေ၊ သူနာပြုတွေဆိုတာလည်း လူသားတွေမို့ ခံစားချက်၊ ယုံကြည်ချက်တွေ ရှိနေမှာကို နားလည်နိုင်ပါတယ်။ ဒါပေမယ့် ဆရာဝန်တွေ၊ သူနာပြုတွေ နေ့စဉ်နဲ့အမျှ ထိတွေ့နေရတဲ့ လူနာတွေရဲ့ ဝေဒနာဒုက္ခကိုလည်း ဆရာဝန်တွေနဲ့ သူနာပြုတွေကသာ အသိဆုံးဖြစ်နေပါတယ်။ ဒီကာလမှာ CDM ပါဝင်သွားလို့ ဆေးရုံမှာ ဆရာဝန်မရှိတဲ့အတွက် ဒုက္ခရောက်နိုင်တဲ့ လူနာတွေ အများကြီးပါ။

"ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစား၍ ကာကွယ်စောင့်ရှောက်ပါအံ့" လို့ ချိတ်ဆွဲထားတဲ့ စာသားကို ဆေးရုံ ဆေးခန်းတွေမှာ မြင်တွေ့ဖူးပါတယ်။ ဆေးပညာနဲ့ သူတစ်ပါး အသက်ကို ကယ်တင်တယ်ဆိုတာဟာ မွန်မြတ်တဲ့အလုပ် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လူ့အသိုင်းအဝိုင်းထဲမှာဆိုရင် မိဘတွေက ကလေးတွေကို ဆရာဝန်ပဲ ဖြစ်စေချင်တဲ့ အလေ့အထတစ်ခုတောင် ရှိပါတယ်။

### ပြည်သူ့ကျန်းမာရေးအတွက် ဝတ္တရားမပျက်စေလို

လစာ နည်းပေမယ့် ပြည်သူတွေရဲ့ ကျန်းမာရေးကို ဂရုတစိုက် ကုသမှုပေးတဲ့ ပြည်သူ့ဆေးရုံတွေက ဆရာဝန်၊ သူနာပြုတွေ အားလုံးကို ပြည်သူတွေက လေးစားမှုရှိပြီးသား ဖြစ်ပါတယ်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုမှာ ရှေ့တန်းကနေ စွမ်းစွမ်းတမံ ကာကွယ်ကုသမှုတွေ ပေးခဲ့တဲ့ ဆရာဝန်တွေ၊ သူနာပြုတွေကို ဆက်လက်ပြီးတော့လည်း ပြည်သူ့ ကျန်းမာရေးအတွက် ဝတ္တရား မပျက်ရှိစေလိုပါတယ်။

ပြီးတော့ ဆရာဝန်တွေဟာ "ကျွန်ုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂိလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာ မေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ ချမ်းသာ မရွေး စွမ်းစွမ်းတမံစောင့်ရှောက်ကုသပါအံ့" လို့ သစ္စာဆို၍ ဆရာဝန်ဘွဲ့ ခံယူရတာကိုလည်း ကြားသိဖူးပါတယ်။ ဒါကြောင့် ကျွန်တော့်အမေလို ဆေးရုံနှင့်အိမ် ကူးလူးပြီး ဆေးကုသမှုခံယူနေရတဲ့ အခြေခံပြည်သူတွေရဲ့ ကျန်းမာရေးကို ကွက်လပ် မဖြစ်စေလိုပါ။

ဆေးရုံမှာ ဆရာဝန်တွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုခံယူဖို့ မျှော်နေရင်း ဝေဒနာတွေနဲ့ အားငယ်နေတဲ့ လူနာတွေ မရှိစေလိုပါ။ ဒါကြောင့် CDM ကြောင့် ဆေးရုံနှင့် ကင်းကွာ၊ လူနာတွေနဲ့ ကင်းကွာနေတဲ့ ဆရာဝန်၊ သူနာပြု ဆရာ၊ ဆရာမ အားလုံးအနေနဲ့ ပြည်သူ့ကျန်းမာရေး အလေးပေးပြီးတော့ သမားဂုဏ်ရည်ပြပေးကြဖို့ ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုပါရစေ။ ။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆား အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဧပြီ ၄

နိုင်ငံတော်နှင့်တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေး အခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ပဲ၊ ဆား စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါအထောက်အကူပြုပစ္စည်းများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသပေးနေ

နေပြည်တော် ဧပြီ ၄

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော် ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၁၇၀၀၁ ဦး၊ အတွင်းလူနာ ၄၃၃၉ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၅၄၅၂ ဦး၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၂၈၅၀ ဦး၊ စုစုပေါင်း ၈၃၀၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာ



များကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက် ရှိသည်။ ထို့ပြင် ခွဲစိတ် ကလေးမီးဖွားလူနာ ၂၈၇၃ ဦးကို မွေးဖွားပေးနိုင်ခဲ့ကာ ၄၄၅၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၇၃၂၈ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက် ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက် လူနာများနှင့် လူနာစောင့်များ နေ့ထိုင် စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် ဧပြီ ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီမြို့နယ်နှင့် ရေဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ သက်ဆိုင်ရာတိုင်း စစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားလျက်ရှိသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၃၁ လက်နှင့် လက်လုပ်သေနတ် ၂၄ လက်တို့ကို ၎င်း ဌာနအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲ တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒိုဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



အလားတူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သဖြင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့အား အဆိုပါဆေးရုံသို့စေလွှတ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာစွာဖြင့် လှိုက်လှဲစွာ ကြိုဆိုခဲ့ကြကြောင်းနှင့်ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။


သတင်းစဉ်

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော် မေ ၄

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့်ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## ဥပဒေပုဒ်မ ၅၀၅ -က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ALINNYAUNG https://www.facebook.com/ALINNYAUNGOFFICIAL | အလင်းရောင်  | ဗဟန်းမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၂ | May Myat Noe https://www.facebook.com/maymyatnoeofficialpage | မေမြတ်နိုး  | ဒေါပုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၃ | Nwe Darli Tun https://www.facebook.com/sweetjuly7777 | နွယ်ဒါလီထွန်း  | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၄ | Naw Phaw Eh Htar https://www.facebook.com/NawPhawEhHtarOfficial/ | နော်ဖော်အယ်ထား  | လှိုင်သာယာ(အရှေ့)မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၅ | May Madi https://www.facebook.com/profile.php?id=100008401147285 | မေမဒီ  | ဒဂုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၆ | Aye Nyein Swe https://www.facebook.com/aye.nyeinswe.12 | အေးငြိမ်းဆွေ  | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၇ | Yan Yan Chan https://www.facebook.com/YanYanChanOfficial | ရန်ရန်ချမ်း  | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၈ | Min Thway Hlan https://www.facebook.com/minthway.hlan.3 | မင်းသွေးလျှံ  | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၉ | Htoo Paing Zaw Oo https://www.facebook.com/htoopaingzawoo | ထူးပိုင်ဇော်  | တာမွေမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၀ | Chue Pann Nwe https://www.facebook.com/chuepann.nwe | ခြူးပန်းနွယ်  | ဒေါပုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၁ | Thet Htar Susan https://www.facebook.com/helen.susan.73 | သက်ထားစုစ်  | အမှတ်(၈၁၃)၊ နတ်ရေကန်(၁)လမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၂ | May https://www.facebook.com/mayofficial.mm | မေ  | ခရမ်းမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၃ | တိမ်ခ https://www.facebook.com/profile.php?id=100024641623220 | ညီညီထွန်း  | ထက်အောင်ဝင်း၊ ဆေးအလှကုန်နှင့် ကုန်မျိုးစုံ ရောင်းဝယ်ရေး၊ သန်းချိုလမ်းဆုံ၊ ထားဝယ်မြို့ | ၅၀၅-က |  |
| ၁၄ | Yan Naing Bo https://www.facebook.com/yan.bo.9 | ရန်နိုင်ဗိုလ်  | Education Center-1၊ အမှတ် (၆၈)၊ ၄ လွှာ၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၅ | Kyaw Kyaw Sai https://www.facebook.com/drkyawkyawsai | ဒေါက်တာ ကျော်ကျော်စိုင်း  | ကမာရွတ်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၆ | Sai Kaung Htet Zaw https://www.facebook.com/profile.php?id=100003029362338 | ဒေါက်တာစိုင်းကောင်းထက်ဇော်  | မကွေးမြို့၊ မကွေး | ၅၀၅-က |  |
| ၁၇ | May Thu https://www.facebook.com/profile.php?id=100006297248680 | မေသုဝင်း  | တော်ဝင်စင်တာ၊ မြေညီထပ်၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၈ | Eiei Aung https://www.facebook.com/eiei.aung.71697 | အိအိအောင်  | ယုဇနဥယျာဉ် မြို့တော်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၉ | Julia Khinsweaye https://www.facebook.com/julia.khinsweaye | ခင်ဆွေအေး  | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၂၀ | Wai Wai Zin (Devil Wai) https://www.facebook.com/100008049333507 | နိုင်ဝေဝေဇင်  | လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |

သတင်းစဉ်

# အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းသပ်ထုတ်လွှင့်မည်ဟု သတင်း ဖြစ်ပေါ်လျက်ရှိသည့် FM ရေဒီယို လိုင်းတစ်ခုသည် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်လွှင့်ခွင့်ပြုထားသည့် FM ရေဒီယို မဟုတ်ပါ။ အကယ်၍ ခွင့်ပြုချက်မရရှိဘဲ မည်သူမဆို လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲ တရားဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၂-၄-၂၀၂၁)

# ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၄

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွယ် တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံ သင်တန်းများနှင့် ပါရဂူဘွဲ့ သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ (၃၀) ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ပါမောက္ခချုပ်မှတစ်ဆင့် ဖော်ပြပါ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ် အချက်အလက်များကို ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန (တယ်လီဖုန်းအမှတ် - ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆-လိုင်းခွဲ/၈၃၂) သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# တာချီလိတ်မြို့၌ မီးခိုးမြူများ ထူထပ်မှုကြောင့် နေ့စဉ်မီးသတ်ကားများဖြင့် ရပ်ကွက်အတွင်း ရေပက်ဖျန်းပေးလျက်ရှိ

တာချီလိတ် ဧပြီ ၄

နှစ်စဉ်နွေရာသီ ရောက်ရှိလာပါက ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုကို ရင်ဆိုင်ကြရပြီး လေထုညစ်ညမ်းမှု ကျဆင်းစေရန်အတွက် ယမန်နေ့က ရပ်ကွက်များအတွင်း၌ မီးသတ်ကားများဖြင့် ရေဖျန်းပေးလျက်ရှိကြောင်း သိရသည်။



နေ့စဉ် နံနက် ၈ နာရီ တစ်ကြိမ်၊ ညနေ ၄ နာရီ တစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ် မီးသတ်ကား ကရိန်းကြီးဖြင့် ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက်နှင့် ရပ်ကွက်အတွင်းပိုင်းများအထိ ပက်ဖျန်းပေးကြောင်း၊ လေထုညစ်ညမ်းမှုအပေါ် မူတည်၍ နေ့စဉ် ဆောင်ရွက်ရန်ရှိကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်က ပြောသည်။

ယာဆေး
(မြန်/ဆက်)




အမြို့မြို့အနယ်နယ်

ပျံ့နှံ့သည့် သတင်းစာ

မြန်မာ့အလင်း

သတင်းစာတွင်

ကြော်ငြာပါ


## မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - မြူးစန္ဒီဝေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

(၄ - ၄ - ၂၀၂၁)

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# အံ့ဖွယ်ကိုးဖြာ၊ အောင်မြေနှင့် မြတ်ဗုဒ္ဓလေးဆူကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်

## အောင်သပြေ၊ ဓာတ်ပုံ - ဇွဲသန်

သဗ္ဗညု အလုံးစုံကိုသိမြင်တော်မူသော ဂေါတမမြတ်စွာဘုရားသည် ဗောဓိပင်၏အနီးဝယ် သတ္တဋ္ဌာနဌ် ခုနစ်ရက်အလှည့်ကျစံတော်မူ၍ ၄၉ ရက် သီတင်းသုံးတော်မူသည်။ ၄၉ ရက် သီတင်းသုံးပြီး နောက်တစ်နေ့တွင် ရာဇာယ-တနသတ္တဟဖြစ်သော လင်းလွန်းပင်ရင်းဝယ် သီတင်းသုံးစံမြန်းတော်မူသည်။ ထိုစဉ် ဥက္ကလာပတိုင်းသား တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် မဟာဗောဓိပင်အနီးသို့ ရောက်ရှိလာကြသည်။ ကုန်သည်ညီနောင်သည် ဥက္ကလာပမြို့မှကုန်စည်များကို မဇ္ဈိမဒေသသို့ သင်္ဘောဖြင့်သယ်ဆောင်လာခြင်းဖြစ်သည်။ မဇ္ဈိမဒေသသို့ရောက်လျှင် သင်္ဘောတွင်ပါရှိသော ကုန်ပစ္စည်းတို့ကို လှည်း ၅၀၀ ဖြင့် တင်ဆောင်ကာ လှည့်လည်ရောင်းချကြသည်။ မဟာဗောဓိပင်အနီးသို့ ရောက်လာသောအခါ ယခင်ဘဝက ဆွေမျိုးတော်စပ်ခဲ့သည့် ရုက္ခစိုးနတ်သည် ထိုကုန်သည်ညီနောင်တို့ကို မြတ်စွာဘုရားထံသို့ သွားရောက်၍ ဖူးမြော်ရန်တိုက်တွန်းသည်။ ရုက္ခစိုးနတ်၏ လမ်းပြတိုက်တွန်းမှုကြောင့် ကုန်သည်ညီနောင်နှစ်ဦးသည် မြတ်စွာဘုရားထံ သွားရောက်ဖူးမြော်၍ မုန့်ကြွပ်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကို ဆက်ကပ်လှူဒါန်းတော်မူသည်။

### ဖူးမြော်ကြည်ညို

ထိုကုန်သည်ညီနောင်သည် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ'ဟူ၍ ဒွေဝါစိက သရဏဂုံကို တည်ကြကုန်၏။ ထိုစဉ်က 'သံဃာရတနာ' မပေါ်ထွန်းသေးပေ။ ဘုရား တရားဟူသော ရတနာနှစ်ပါးကိုသာ ဆည်းကပ်ကိုးကွယ်ချိန်ဖြစ်သည်။ တဖုဿနှင့် ဘလ္လိကညီနောင်တို့သည် မြတ်ဗုဒ္ဓကို ပထမဦးဆုံးဆွမ်းကပ်ရသူ၊ ပထမဆုံးသရဏဂုံတည်သူတို့ဖြစ်သည်။ ညီနောင်နှစ်ဦးက တပည့်တော်တို့ ကိုးကွယ်ပူဇော်ရာ ပေးသနားတော်မူပါဘုရားဟု လျှောက်ထားရာ၌ ဂေါတမမြတ်စွာဘုရားသည် ဦးခေါင်းတော်ကို သုံးသပ်တော်မူကာ ဆံတော်ဓာတ်မြတ် ရှစ်ဆူကို ဥက္ကလာပတိုင်းသားတို့ ကိုးကွယ်ဆည်းကပ်ရန် ပေးသနားတော်မူသည်။ ညီနောင်နှစ်ဦးသည် ဆံတော်မြတ်ရှစ်ဆူကို သင်္ဘောဖြင့် ပင့်ဆောင်ခဲ့ပြီး ဥက္ကလာပတိုင်းသို့ ရောက်သောအခါ ဥက္ကလာပမင်းကြီးနှင့်တကွ ပြည်သူအပေါင်းက အားရဝမ်းမြောက်စွာဖြင့် ဖူးမြော်ကြည်ညိုကြသည်။

### ဌာပနာတိုက်တော်အတွင်းသွတ်သွင်း

မြတ်ဗုဒ္ဓ၏ ဆံတော်ရှစ်ဆူကို စေတီတည်ထားကိုးကွယ်ရန် ယခုရွှေတိဂုံစေတီတော်တည်ထားတော်မူရာ သိင်္ဂုတ္တရကုန်းတော်ပေါ်သို့ ပင့်ဆောင်တော်မူသည်။ ဆံတော်ရှစ်ဆူကို ကြီးကျယ်ခမ်းနားသော စံကျောင်းတော်မဏ္ဍပ်ကြီးဆောက်လုပ်၍ ပူဇော်ကြသည်။ ထိုစံကျောင်းမဏ္ဍပ်နေရာကို အထိမ်းအမှတ်အဖြစ် 'နောင်တော်ကြီး'စေတီတော်ကိုတည်ထားခဲ့သည်မှာ ယနေ့တိုင်ဖူးမြော်ကြည်ညိုခွင့်ရသောကြောင့် ဖူးမြော်ကြည်ညိုသူအပေါင်းအတွက် ကုသိုလ်ထူးတစ်ခုပင်ဖြစ်သည်။ ဆံတော်ဓာတ်မြတ်ကို တစ်ပါးသူတို့ အလွယ်တကူမဖျက်ဆီးနိုင်စေရန် နက်လှစွာသော ဌာပနာတိုက်တွင် ထည့်သွင်းထားရန်ကြံရွယ်ပြီး သိင်္ဂုတ္တရကုန်းတော်အလယ်တည့်တည့်၌ စောက် ၄၀၄ တောင်၊ အနံ ၄၄ တောင်ရှိသော ဥမင်လိုဏ်ကြီးတစ်ခုကို တူးကြသည်။ ထိုဥမင်လိုဏ်ကြီးအတွင်း၌ ကကုသန်မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကောဏာဂမနမြတ်စွာဘုရား၏ ရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ရေသနုပ်သင်္ကန်းတော်မြတ်ဖြင့် ရှေးဘုရားသုံးဆူ၏ မွေတော်သုံးဆူ ကိန်းဝပ်စံပယ်လျက်ရှိသည်။ ဤဘဒ္ဒကပ်ကမ္ဘာတွင် ပွင့်တော်မူသော ဘုရားလေးဆူ၏ ပရိဘောဂမွေတော်ဓာတ်တော် သုံးမျိုးနှင့် ဆံတော်မြတ်ရှစ်ဆူတို့ကို မဟာသက္ကရာဇ် ၁၀၃-ခု၊ တပေါင်းလပြည့်နေ့တွင် ကျောက်ဖျာအခင်းအကာပြုလုပ်ထားသော ဌာပနာတိုက်တော်အတွင်း သွတ်သွင်းပြီး ထိုဌာပနာတိုက်အထက်၌ ကျောက်ဖျာတင်ကာ ပိတ်ထားခြင်းဖြစ်သည်။

### ပူဇော်အမ္ဗိဋ္ဌာန်ဝင်

ထိုကျောက်ဖျာအထက်တွင် ဉာဏ်တော် ၄၄ တောင်အမြင့်ရှိသော စေတီတော်ကြီးကို တည်ခဲ့သည်။ အဆိုပါစေတီတော်ကို 'တိဂုမ္ဘစေတီတော်'ဟု ဘွဲ့တော်ဆက်ကပ်ထားသည်။ ရွှေတိဂုံစေတီတော်



**"ရွှေတိဂုံစေတီတော်မြတ်သည် ဂေါတမမြတ်စွာဘုရား သာသနာတော်ကြီးတွင် ကမ္ဘာမြေပြင်၌ ပထမဆုံးစေတီတော်ကြီး ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် 'သာသနာအစ ရွှေတိဂုံက'ဟု မော်ကွန်းတင်ခဲ့ခြင်းဖြစ်"**

မြတ်သည် ဂေါတမမြတ်စွာဘုရား သာသနာတော်ကြီးတွင် ကမ္ဘာမြေပြင်၌ ပထမဆုံးစေတီတော်ကြီးဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် 'သာသနာအစ ရွှေတိဂုံက'ဟု မော်ကွန်းတင်ခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်သာမက အရှေ့တောင်အာရှတွင် ထူးခြားဂုဏ်ယူ အလေးအမြတ်ထားရာဖြစ်သော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကုန်းတော်ပေါ်၌ မွန်ဘုရင်၊ မြန်မာဘုရင်တို့၏ မှူးမတ်၊ စစ်သေနာပတိများ၊ ထွက်ရပ်လမ်းကို အားထုတ်ကုန်သော ဘိုးဘိုးအောင်၊ မွေစေတီနှင့်တကွ ဘားမဲ့ဆရာတော်၊ ရှင်မထီး၊ ရှင်အဇ္ဇဂေါဏ စသောရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ တည်ထားကိုးကွယ်ခဲ့သည့် ဘုရားများစွာ ကိန်းဝပ်စံပယ်လျက်ရှိသည်။ လောကီထွက်ရပ်လမ်းကို အားထုတ်သော ပုဂ္ဂိုလ်တို့သည် ရွှေတိဂုံစေတီတော် ကုန်းတော်ပေါ်တွင်ရှိသော ထူးခြားသည့် ကိုးဌာနကို မန်လည်ဆရာတော်ဘုရားကြီးနှင့် ထင်ရှားသော ဆရာတော်ကြီးတို့ လှည့်လည်ပူဇော် အဓိဋ္ဌာန်ဝင်ခဲ့ကြသည်။

### တဝဂ္ဂ ဆုတောင်းပြည့်ဘုရား

ရွှေတိဂုံစေတီတော်မြတ် အထက်ပစ္စယာအရှေ့ဘက်တည့်တည့်တွင် တဝဂ္ဂဆုတောင်းပြည့်ဘုရား ကိန်းဝပ်စံပယ်လျက် ရှိသည်။ ထိုဘုရားသို့ အမျိုးသားများသာလျှင် တက်ရောက်ဖူးမြော်ခွင့်ရှိပြီး တဝဂ္ဂ ပတ္တမြားမျက်ရှင်ဘုရားဟုလည်း ခေါ်တွင်သည်။ ဆုတောင်းပြည့်တဝဂ္ဂဘုရားသည် တန်ခိုးကြီးသည့်အတွက် ဆုတောင်းပြည့်သည်ဟု ယုံကြည်ကြသည်။ ရှေးအခါက မင်းညီမင်းသားတို့သည် တဝဂ္ဂဆုတောင်းပြည့်ဘုရားသို့ တက်ရောက်ဖူးမြော်ကာ ဆုတောင်းဆုယူပြု၍ သစ္စာအဓိဋ္ဌာန်ပြုကြသည်။ ပြုလုပ်သည့်အတိုင်း အောင်မြင်သည်ဟု ဆိုသည်။

### ဝိဇ္ဇာဇော်ဂျီဘုရား

ရွှေတိဂုံကုန်းတော်ရင်ပြင်တော် စနေထောင့်တည့်တည့်တွင် ဝိဇ္ဇာဇော်ဂျီဘုရား ကိန်းဝပ်စံပယ်တော်မူသည်။ စေတီငယ်ပေါ်တွင် ဇော်ဂျီရုပ်များ ပြုလုပ်ထားပြီး လောကီပညာရပ် အစီအမံဖြင့် ပြုလုပ်ထားသော ဘုရားဟု ဆိုသည်။

### ရှင်အဇ္ဇဂေါဏဘုရား

ရွှေတိဂုံရင်ပြင်တော် တနင်္ဂနွေထောင့်ရှိ နောင်တော်ကြီးဘုရား တောင်ဘက်အာရုံခံတန်ဆောင်းတွင် ကိန်းဝပ်စံပယ်တော်မူသည်။ ရှင်အဇ္ဇဂေါဏဘုရားသည် ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံးတစ်ဖက်ဖြင့် စံပယ်လျက်ရှိသည်။ အဂ္ဂိရတ်တန်ခိုးဖြင့် ပုဂံခေတ်က ရွှေမိုး၊ ငွေမိုးရွာရန် ကူညီဖေးမသည်ဟု ရှေးဟောင်းသမိုင်းစာပေတွင် ဆိုသည်။ ရှင်အဇ္ဇဂေါဏဆရာတော် တည်ထားတော်မူပြီး ထိုအာရုံခံတန်ဆောင်း ရာဟုထောင့် (အနောက်မြောက်ထောင့်)တွင်ရှိသော ရုပ်ပွားတော်မှာ မျက်လုံးတော်တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ် အရွယ်ချင်းတူညီမှုမရှိသည်ကို ဖူးမြော်ရမည်ဖြစ်သည်။

### ဆံတော်တွင်းရုပ်ပွားတော်

ရွှေတိဂုံစေတီတော်ရင်ပြင် မြောက်ဘက် ဆံတော်တွင်းတန်ဆောင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိပြီး ထိုတန်ဆောင်းမှာ ဒဂုံခင်ခင်လေး၏ ကောင်းမှုဖြစ်သော မဟာဗောဓိစေတီ၏ အနောက်ဘက် မျက်နှာချင်းဆိုင်တွင်တည်ရှိသည်။ ရွှေတိဂုံစေတီတော်မြတ်ကို တည်စဉ်က ဆံတော်များ ဆေးကြောသည့်တွင်းဖြစ်သည်ဟု ဆိုသည်။ ဆံတော်တွင်း ရုပ်ပွားတော်နောက်တွင် ဥမင်လိုဏ်ခေါင်းရှိသည်ဟု မှတ်သားရပြီး ဆံတော်တွင်းမှ ရေသည် ဇရာဝတီမြစ်ရေနှင့် တစ်ကြောတည်းဖြစ်သောကြောင့် ရေတက်၊ ရေကျတိုင်း ဆံတော်တွင်း၌လည်း အတက်၊ အကျရှိသည်ဟု ဆိုသည်။ ဆံတော်တွင်း အုတ်ပြာသာဒ်ကို ၄ကာ ၁၈၇၉-ခုနှစ်က တန်ဆောင်း ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

### ဘိုးဘိုးအောင်ဘုရား

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးတွင် ဘိုးဘိုးအောင်တန်ဆောင်းရှိပြီး ထိုတန်ဆောင်း၌ ဘိုးဘိုးအောင်ဘုရား ကိန်းဝပ်စံပယ်လျက်ရှိသည်။ ဘိုးဘိုးအောင်တည်သည်ဟု ပြောစမှတ်ရှိသည်။ လောကီ၊ လောကုတ္တရာ ချမ်းသာကို လာရောက်ဆုတောင်းလေ့ရှိပြီး ထွက်ရပ်လမ်းပုဂ္ဂိုလ်များ ကျင့်ကြံပွားများလေ့ရှိသည်။ ဘိုးဘိုးအောင်တန်ဆောင်းအနောက်ဘက် ကျောချင်းကပ်လျက်တွင် မွေစေတီဘုရားကိန်းဝပ်စံပယ်လျက်ရှိသည်။

### လက်ပက်လက်ဘုရား

ရွှေတိဂုံစေတီတော်မြတ် အရှေ့မုခ်အာရုံခံတန်ဆောင်းအတွင်း လက်ပက်လက်ဘုရား ကိန်းဝပ်စံပယ်လျက်ရှိသည်။ ကကုသန်ရုပ်ပွားတော်မြတ်ဖြစ်သည်။ လိုဏ်အတွင်း ကကုသန်ဘုရားရှင်ရုပ်ပွားတော်၏ လက်ယာဘက်လက်တော်မှာ အခြားရုပ်ပွားတော်များ ထုဆစ်စဉ်ကဲ့သို့ လက်မှောက်ခုံမဟုတ်ဘဲ လက်တော်ပက်လက်ထား၍ ထုဆစ်ထားသဖြင့် လက်ပက်လက်ဘုရားဟု ဘွဲ့တော်ရှိခြင်းဖြစ်သည်။

### ပြဒါးရှင်ဘုရား

ရွှေတိဂုံစေတီရင်ပြင်တော် အရှေ့မုခ်နှင့် အင်္ဂါထောင့်ကြားတွင်ရှိသော စေတီတော်တစ်ဆူ၏ တောင်ဘက်မုခ်အတွင်း၌ ပြဒါးရှင်ဘုရားမှာ ကြေးဆင်းတုတော်အသွင်ဖြင့် ကိန်းဝပ်စံပယ်လျက်ရှိသည်။ ရုပ်ပွားတော်အချိုးအစား ပြေပြစ်ကျနပြီး နဖူးတော်မို့မောက်ကာ ပြဒါးရှင်လုံးဌာပနာထားသည်ဟု ဆိုစမှတ်ပြုသည်။ ပြဒါးရှင်ဘုရားသည် ရွှေတိဂုံကုန်းတော်ပေါ်ရှိ ဆင်းတုတော်များတွင် လွန်စွာသပ္ပာယ်သောကြောင့် ဖူးမြော်ဆုတောင်းသူတိုင်း ရင်တွင်းပီတိဖြစ်ကြရသည်ဟု ဆိုသည်။

### အဓိဋ္ဌာန် ကိုးဌာန

မြတ်ဗုဒ္ဓလေးဆူ၏ ဓာတ်တော်မွေတော်တို့ ကိန်းဝပ်စံပယ်တော်မူရာ ရန်ကုန်မြို့၏ ရွှေတိဂုံစေတီတော်မြတ်တွင် အံ့ဖွယ်ကိုးဌာနရှိသောကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေဖြင့် အံ့ဖွယ်ကိုးဖြာ ရွှေတိဂုံစေတီတော်ရင်ပြင်၌ မိမိတို့နှစ်သက်ရာထောင့် တစ်နေရာမှစ၍ အဓိဋ္ဌာန်ဝင်နိုင်လျက်ရှိသည်။ ဦးစွာသီလဆောက်တည်ကာ အသက်သတ်လွတ်စားခြင်းဖြင့် ပုတီးကိုးပတ်ကို ကိုးနေရာ (ကိုးဌာန)၌ မိမိတို့အဓိဋ္ဌာန်များအတိုင်း ကျင့်ကြံပွားများနိုင်မည်ဖြစ်သည်။ အဆိုပါ အဓိဋ္ဌာန် ကိုးဌာနမှာ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းအတွင်းရှိ ကကုသန်မြတ်စွာဘုရား၊ တောင်ဘက်မုခ် အာရုံခံတန်ဆောင်းအတွင်းရှိ ကောဏာဂုံဘုရား၊ အနောက်ဘက် အာရုံခံတန်ဆောင်းအတွင်းမှ ကဿပဘုရား၊ မြောက်ဘက်မုခ်အာရုံခံတန်ဆောင်းအတွင်းမှ ဂေါတမဘုရား၊ ရွှေတိဂုံစေတီတော်မြတ်၏ တနင်္ဂနွေထောင့်တည့်တည့်နေရာ၊ အင်္ဂါထောင့်တည့်တည့်နေရာ၊ စနေထောင့်တည့်တည့်နေရာ၊ ရာဟုထောင့်တည့်တည့်နေရာနှင့် တဝဂ္ဂပတ္တမြားမျက်ရှင်ဘုရား ရွှေတိဂုံစေတီတော် အထက်ပစ္စယာရှေ့ဘက် တည့်တည့်နေရာတို့သည် ဆုတောင်းပြည့်ထူးခြားသော အဓိဋ္ဌာန်ကိုးဌာနဖြစ်သည်။

*စာမျက်နှာ ၂၁ သို့*

စာမျက်နှာ ၂၀ မှ

အောင်မြေ ကိုးဌာန

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အောင်မြေကိုးဌာနရှိသည်။ အဆိုပါအောင်မြေကိုးဌာနမှာ ရွှေတိဂုံစေတီတော်အထက် အထက်ပစ္စယာ အရှေ့ဘက်တည့်တည့်တွင်ရှိသော တဝဂူပတ္တမြားမျက်ရှင်ဘုရား၊ စနေထောင့်တွင်ရှိသော နေနှင့်လ ဘုရား၊ ရာဟုထောင့်တွင်ရှိသော ဆုတောင်းပြည့်ရှင်စောပုဘုရား၊ နောင်တော်ကြီးစေတီတော် မြောက်ဘက် အာရုံခံရှင်မထီးတန်ဆောင်း၊ အရှေ့ဘက်မုခ်အနီးတွင်ရှိသော ဓမ္မစေတီမင်း၏ကောင်းမှုတော်စေတီဖြစ်သည့် ဓမ္မစေတီဘုရား၏ ရှေ့တည့်တည့်ခြသေ့ရုပ်နှင့် ကျားရုပ်ရှိသောနေရာ၊ အင်္ဂါထောင့်ရှိ ကျေးရုပ်သုံးရုပ်ရှိသော တန်ဆောင်း၊ ရာဟုထောင့်တွင်ရှိသော ရွှေတိဂုံစေတီတော်ရင်ပြင်ရှိအောင်မြေ၊ ရင်ပြင်တော်မြောက်ဘက် ဝိဇ္ဇာရုပ် နှစ်ရုပ်ရှိသော တန်ဆောင်းတို့သည် ရွှေတိဂုံစေတီတော်မြတ်တွင်ရှိသော အောင်မြေကိုးဌာနပင်ဖြစ် သည်။

လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံ

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မြတ်ဗုဒ္ဓလေးဆူ ဘုရားပုံတော်ကို သွန်းလုပ်ထားပြီး တန်ဆောင်းပလ္လင်တော်နှင့်အတူ ကောဇာသက္ကရာဇ် ၁၁၃၈-ခုနှစ်တွင် ဆင်ဖြူရှင်ဆင်ဖြူမင်းက လှူဒါန်းခဲ့ခြင်းဖြစ်ရာ အရှေ့ဘက်အာရုံခံ တန်ဆောင်း လိုဏ်ဂူတော်အတွင်း၌ ကကုသန်မြတ်ဘုရား၊ တောင်ဘက်အာရုံတန်ဆောင်း၌ ကောဏာဂုံမြတ်ဘုရား၊ အနောက်ဘက်အာရုံခံတန်ဆောင်း၌ ကဿပမြတ်ဘုရားနှင့် မြောက်ဘက်အာရုံခံတန်ဆောင်း၌ လေးဆူဓာတ်ပုံ ဂေါတမမြတ်ဘုရားတို့ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သမိုင်းကြောင်းဆက်စပ်သော စေတီတော်မြောက်ဆူရှိသည်။ ကုန်သည်ညီနောင်မှ မြတ်ဗုဒ္ဓ၏ ဆံတော်ကိုပင့်ဆောင်လာစဉ် ဥက္ကလာပဆိပ်ကမ်းသို့ မရောက်မီ ယင်းတို့၏ ဇာတိရပ်မြေသို့ရောက်ရှိစဉ် ဆံတော်တို့ကို ခေတ္တအပူဇော်ခံရာတွင် စေတီတစ်ဆူ တည်ထားတော်မူရာ ထိုစေတီမှာ တွံတေးမြို့ရှိ ရွှေဆံတော်စေတီတော်၊ ဥက္ကလာပမင်းကြီးက ဆိပ်ကမ်းတွင်မြတ်ဗုဒ္ဓ၏ဆံတော်ကို ခမ်းနားကြီးမြတ်စွာကြိုဆိုစဉ် စေတီတစ်ဆူတည်တော်မူရာ ထိုစေတီမှာ ဗိုလ်တထောင်စေတီတော်၊ ဥက္ကလာပမင်းကြီး ဆိပ်ကမ်းမှမြတ်ဗုဒ္ဓ၏ ဆံတော်ကို ပင့်ဆောင်တော်မူစဉ် ရွှေကြုပ်တော်ကိုဖွင့်၍ ပူဇော်ရာ ထိုအရပ်၌ ရွှေဘုန်းပွင့်စေတီတော်၊ မြတ်စွာဘုရား၏ ဗျာဒိတ်တော်အရ သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေရန် နတ်၊ ဗြဟ္မာတို့ စုဝေး ဆွေးနွေးတိုင်ပင်ရာ အရပ်တွင် ဆူးလေစေတီတော်၊ သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ ဆံတော်များ ပင့်ဆောင်လာစဉ် ကုန်းတော်အနီးရောက်ရှိချိန် လိုက်ပါပင့်ဆောင်သူများ မောပန်း၍ ခေတ္တရပ်နားရာ၌ တန့်တော်မူစေတီ၊ ဆံတော်များကို ရွှေတိဂုံစေတီတော်တွင် ဌာပနာ မတည်မီ သိင်္ဂုတ္တရကုန်းတော်ပေါ်၌ ယာယီပူဇော်ခံရာနေရာတွင် နောင်တော်ကြီး စေတီတော်ကို တည်ထားကိုးကွယ်ခဲ့သောကြောင့် ယနေ့တိုင် ရွှေတိဂုံစေတီမြတ်ကြီးနှင့် သမိုင်းကြောင်း ဆက်စပ်နေသော စေတီတော်မြောက်ဆူကို ဖူးမြော်ကြည်ညိုနိုင်သည်မှာ နိဗ္ဗာန်တံခါးကို ဖွင့်လှစ်ဖြတ်သန်းခွင့်ရသော ကုသိုလ်ထူးပင်ဖြစ်သည်။ ။

# စိုက်ပျိုးရန်သင့်မသင့် မြေအမျိုးအစား ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်နိုင်ပါက အာလူးစိုက်ပျိုးရေး ပိုမိုတွင်ကျယ်လာမည်

ရန်ကုန် မေ ၄

စိုက်ပျိုးရန်သင့်မသင့် မြေအမျိုးအစား ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပေးနိုင်ပါက ပြည်တွင်းရှိ အာလူးစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်လာမည်ဖြစ်ကြောင်း စီးပွားဖြစ် အာလူးစိုက်ပျိုးထုတ်လုပ်နေသူများထံမှ သိရသည်။

ယခုအခါတွင် အာလူးစိုက်တောင်သူများအနေဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းဖြန့်ဖြူးထားသည့် မျိုးကောင်းမျိုးသန့် အာလူးမျိုးများ ရှိလာပြီဖြစ်သော်လည်း စိုက်ပျိုးရန်သင့်မသင့် မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်နိုင်ရန် လိုအပ်နေသေးခြင်းဖြစ်သည်။

"အခုဆိုရင် အာလူးမျိုးကောင်းမျိုးသန့်တွေ ရှိရှိ အောင် နယ်သာလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ကနေ မျိုးတွေ တင်သွင်း စိုက်ပျိုးလာကြပါပြီ။ စိုက်ပျိုးရာမှာ အဓိကဂရုစိုက်ရတာတော့ ရောဂါကျရောက်မှုပဲ။ အာလူးစိုက်ပြီးရင် အာလူးပြန်ထပ်စိုက်ဖို့ မသင့်တော်တဲ့ မြေအမျိုးအစားတွေရှိတယ်။ ရောဂါကျရောက်ထားတဲ့ မြေပေါ်ကို ထပ်စိုက်ပျိုးဖို့ မသင့်ဘူး။ မျိုးကောင်း မျိုးသန့်ရဖို့အပြင် မြေကောင်းဖို့လည်း လိုပါတယ်။ တချို့နိုင်ငံတွေမှာ အာလူးစိုက်ပျိုးတဲ့အခါ မြေကိုဓာတ်ခွဲစမ်းသပ်ပြီးမှ စိုက်ပျိုးဖို့သင့်မသင့် ဆုံးဖြတ်ကြတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီလိုမျိုးစနစ်တွေ လက်ရှိမှာ မရှိသေးဘူး" ဟု ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်မှ စီးပွားဖြစ် အာလူးစိုက်ပျိုးနေသူ ဦးခွန်ညွန့်အောင်က ပြောသည်။

မြန်မာနိုင်ငံတွင် အာလူးကို ဒေသနှင့် ရာသီဥတုအလိုက် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြသည်။ မိုးကြိုအာလူးကို ဧပြီလကုန်တွင် စတင်စိုက်ပျိုး၍ ဇူလိုင်၊ ဩဂုတ်လများတွင် တစ်ကြိမ်၊ နိုဝင်ဘာလတွင် တစ်ကြိမ်အာလူးစိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

"နွေရာသီ စိုက်ပျိုးရင်တော့ မှိုသတ်ဆေးတွေ သိပ်မသုံးရဘူး။ မှိုသတ်ဆေးက များသောအားဖြင့် မိုးရာသီမှာပဲ သုံးကြတာပါ။ မိုးများရင် မှိုရောဂါများတယ်။ မိုးနည်းရင် မှိုရောဂါနည်းတယ်။ ဆေးကတော့ တစ်မျိုးမနိုင်ရင် တစ်မျိုးဖျန်းကြတာပေါ့။ ပိုးသတ်ဆေးကိုလည်း ၃/၄ မျိုး လောက်သုံးကြပါတယ်။ တစ်ခါတလေမှာလည်း ကြိုတင်ကာကွယ်တာရှိသလို ရာသီဥတု အခြေအနေနဲ့ ပိုးကျရောက်မှုအပေါ် မူတည်ပြီးလည်း ပိုးသတ်ဆေးဖျန်းကြပါတယ်။ မိုးတွင်းစိုက်တဲ့ အာလူးတွေကတော့ များသောအားဖြင့် လောင်မဲရောဂါ အဓိကကျရောက်တတ်ပါတယ်။ အာလူးပင်ညှိုးရောဂါဆိုတာကတော့ မြေအပေါ်မှာမူတည်ပြီး ကျရောက်တတ်တယ်။ ပင်ညှိုးရောဂါကျရောက်ရင်လည်း တစ်ခြံလုံး ပြုတ်ပါတယ်"ဟု အာလူးအပင်ရောဂါနှင့် ဆေးဝါးများအကြောင်းကို ဦးခွန်ညွန့်အောင်က ဆက်ပြောသည်။



ကလောမြို့နယ်အတွင်းမှ မျိုးကောင်းမျိုးသန့် အာလူးစိုက်ခင်းတစ်ခင်း။

အာလူးစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးထုတ်လုပ်ပါက တစ်ဧက စိုက်ပျိုးစရိတ်မှာ အလုပ်သမားခနှင့် ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်သိန်း ၂၀ ဝန်းကျင်ကုန်ကျနိုင်ကြောင်း သိရသည်။

နန်းထက်ထက်ချစ်

## ညောင်ဦးမြို့နယ်၌ ဗာဂျီးနီးယားဆေးပင်စိုက်ပျိုးမှု ယခင်နှစ်ထက် သုံးပုံနှစ်ပုံခန့် လျော့နည်းလာ

ညောင်ဦး မေ ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ အထက်ညဥ့်၊ အောက်ညဥ့်၊ သူကောင်းတည်၊ ရွာသစ်ကုန်း၊ လက်ပံခြေပေါ်၊ တောင်ဖက်တန်းနှင့် သရက်ကုန်းစသည့် ကျေးရွာများတွင် နှစ်စဉ်နှစ်တိုင်း ဗာဂျီးနီးယားဆေးရွက်ကို အမြောက်အမြား စိုက်ပျိုးကြသော်လည်း ယခုနှစ်တွင်မူ ယခင်နှစ်ထက် စိုက်ပျိုးမှု သုံးပုံနှစ်ပုံခန့် လျော့ကျလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် ဗာဂျီးနီးယားဆေးပင်များကို ယခင်က ညောင်ဦး-မြင်းခြံ-ပခုက္ကူကားလမ်းမကြီးဘေး တစ်ဖက်တစ်ချက်တွင် အမြောက်အမြား စိုက်ပျိုးခဲ့ရာမှ ယခုနောက်ပိုင်း စိုက်ပျိုးမှုနည်းလာခဲ့ကြောင်း၊ ဗာဂျီးနီးယားဆေးပင်များကို သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စတင်စိုက်ပျိုးကြပြီး ပျိုးစေ့ကို ပျိုးပေါင်လုပ် ပျိုးထောင်၍ ၄၅ ရက်သားရှိလျှင် စိုက်ခင်းထဲသို့ ရွှေ့ပြောင်းစိုက်ပျိုးရကြောင်း၊ ရေသွင်းမြောင်းဖြင့် ရေသွင်းစိုက်ပျိုးရပြီး တပို့တွဲလ၊ တပေါင်းလတွင် ရင့်သည့်အရွက်များကို စတင်ခူးယူရကြောင်း သစ်ထောင့်ကျေးရွာမှ ဗာဂျီးနီးယားစိုက်ပျိုးသည့် တောင်သူ ဦးတင်မောင်ဝင်းက ပြောသည်။

ဗာဂျီးနီးယားဆေးပင်သည် တစ်ပင်လုံးဈေးကွက်ဝင်သည့် အပင်ဖြစ်ကာ အရွက်စိုတစ်ပိဿာလျှင် ကျပ် ၂၅၀၊ အရွက်ခြောက် တစ်ပိဿာ ကျပ် ၁၅၀၀၊ ပင်စည်အစို တစ်ပိဿာ ကျပ် ၂၀၀ ဈေးရရှိကြောင်း သိရသည်။ အရွက်စိုများကို ဗာဂျီးနီးယားဆေးပေါင်းရုံများသို့ ပို့ဆောင်ရောင်းချသည်။

ယခုနှစ်တွင် ဗာဂျီးနီးယားဆေးရွက်ပင်များကို ညောင်ဦးမြို့နယ်၌ စိုက်ပျိုးမှုနည်းလာသော်လည်း ရေစကြိုမြို့နယ်အတွင်း မြစ်ရေကျကျွန်းစိုက်ပျိုးချိန်ဗာဂျီးနီးယားဆေးစိုက်ပျိုးမှု ရှိနေသေးကြောင်းနှင့် ဆေးပေါင်းရုံကြီးများမှာလည်း သုံးပုံတစ်ပုံခန့် လည်ပတ်မှုရှိနေသေးကြောင်း သိရသည်။ မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

## မွေးမြူရေးသမားတိုင်း ကြုံတွေ့နေရသည့် ကြက်ရောဂါလက္ခဏာများ

ကြက်များသည် လူတို့ကဲ့သို့ပင် ခြေထောက်အဆစ်အမျက် နာကျင်မှုများကြောင့် အစာစားသုံးရန်၊ ရေဓာတ်ဖြည့်တင်းရန် အခက်အခဲကြုံတွေ့ရတတ်သည်။ ကြက်မွေးမြူရေးတွင် နေ့စဉ်နှင့်အမျှ မွေးမြူရေးသမားတိုင်း ကြုံတွေ့နေရသည့် ကြက်များတွင်ဖြစ်ပေါ်လေ့ရှိသည့် ရောဂါများအနက် ကြက်များ၏ ခြေထောက်များ မသန်မစွမ်းဖြစ်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ကြက်များတွင် တွေ့ရတတ်သော လက္ခဏာများမှာ

- ခြေထောက်များ လမ်းလျှောက်လျှင် ပုံသဏ္ဌာန်မမှန်ခြင်း
- ခြေထောက်များ ဘေးသို့ကားနေခြင်း
- ခြေထောက်များ ချည့်နဲ့နေခြင်း
- ခြေထောက်များ ကွေးညွှတ်နေခြင်း
- လမ်းလျှောက်လျှင် နာကျင်နေခြင်း
- ခြေထောက်များ လိမ်နေခြင်း၊ စောင်းနေခြင်း
- လမ်းအနည်းငယ်လျှောက်ရုံမျှနဲ့ ပင်ပန်းနွမ်းနယ်နေခြင်း

မျိုးရိုးဗီဇကြောင့် မသန်စွမ်းခြင်းမှလွဲ၍ ခြေထောက်မသန်စွမ်းသည့် လက္ခဏာအများစုကို Vitamins (အဓိကအားဖြင့် vitamin D 3)နှင့် Mineral စသည့် အာဟာရဓာတ်များတိုက်ကျွေးခြင်းဖြင့် ရောဂါဖြစ်ပွားနှုန်းကို သိသိသာသာ လျှော့ချနိုင်သည်။

ခြေလက်မသန်စွမ်းခြင်းကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများစွာရှိသည့်အနက် အဓိကဖြစ်ပေါ်စေသည့် အကြောင်းအရာများမှာ Nutrition နှင့် Vitamins ( vitamin D 3) ချို့တဲ့ခြင်း၊ ဗက်တီးရီးယား (သို့မဟုတ်) ဗိုင်းရပ်စ်ဝင်ရောက်ခြင်းတို့ကြောင့် အရိုးနှင့် အဆစ်အမျက်များ နာကျင်ထိခိုက်ခြင်း၊ ဥဖောက်ခြင်းမစတင်မီ ကြက်ဥများကို သိုလှောင်ခန်းတွင် အချိန်ကြာမြင့်စွာထားရှိခြင်း၊ ဥဖောက်စဉ် ဖောက်စက်အတွင်း စိုထိုင်းဆ သတ်မှတ်နှုန်းထက် နည်းနေခြင်း၊ ကိရိယာပစ္စည်းများထားရှိမှု မမှန်ကန်ခြင်း၊ ကြက်ကောင်ရေ အရေအတွက်များခြင်း၊ ခြေထောက် မတော်တဆထိခိုက်မိခြင်း၊ ကြက်စာခွက် ရေခွက်များ ချိတ်ဆွဲခြင်းမရှိခြင်းကြောင့် ကြက်များလှုပ်ရှားမှုနည်းလွန်း၍ မသန်စွမ်းခြင်း စသည့်အချက်များကြောင့် ခြေထောက်မသန်စွမ်းခြင်းကို ဖြစ်ပေါ်စေသည်။

ခြေလက်မသန်စွမ်း ချည့်နဲ့ခြင်းကြောင့် ကြက်များ အစာစားနှုန်းကျနိုင်ပြီး ကြီးထွားနှုန်းလျော့ကျနိုင်သဖြင့် မွေးမြူရေးသမားတို့အတွက် ဆုံးရှုံးမှုများနိုင်သည်။ ထို့ကြောင့် မိမိတို့၏ခြံအတွင်း ရောဂါလက္ခဏာ စတင်တွေ့ရှိသည်နှင့် ထိုကြက်များကို အခြားကြက်များနှင့် သီးခြားခွဲထားရှိပြီး တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ ကုသမှုကို စနစ်တကျခံယူသင့်သည်။

ထို့အပြင် အရည်အသွေးကောင်းမွန်သော ကြက်စာကိုသာ ရွေးချယ်ကျွေးခြင်း၊ အခြား အာဟာရဖြည့်စွက်ဆေးများ တိုက်ကျွေးခြင်း၊ ကြက်မွေးမြူရေးအတွက် လိုအပ်သော အခြေခံနည်းစနစ်များ အတိုင်း ကြက်ခြံအခင်းတည်ဆောက်ပုံစနစ်၊ အစာခွက်နှင့် ရေပေးဝေခြင်း စနစ်တို့ကို ဆောင်ရွက်ခြင်းဖြင့် ကြက်များ၏ ခြေထောက်များ ထိခိုက်မိခြင်းမှ ကာကွယ်နိုင်ရန်၊ ရောဂါပိုးဝင်ရောက်မှုနှင့် ရောဂါပြန့်ပွားမှု ကာကွယ်နိုင်ရန်အတွက် ဇီဝထိန်းချုပ်ကာကွယ်နည်း အလေးထားလုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်သင့်သည်။

နန်းထက်ထက်ချစ်

# မကြားလိုသော အမုန်းစကား

ကိုကြီးဆွေ

အမုန်းတရား အမုန်းစကားဟူသည် လူ့ဘောင် လောကဖြစ်တည်မှုတွင် အကောင်းဘက်သို့ ဦးတည်ခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်သည်။ အမုန်တကယ်လည်း အမုန်းတရားသည် ကောင်းကျိုး ချမ်းသာသို့ ရှေးရှုခြင်းမရှိ၊ ပျက်စီးခြင်းဒုက္ခများနှင့် တွေ့ကြရမည်သာဖြစ်သည်။

လူ့လောကတွင် အမုန်းစကားများကို လူမှုဝန်းကျင်တွင် အမြဲကြားနေရသည်။ ချစ်ခြင်း၏ ဆန့်ကျင်ဘက်သည် မုန်းခြင်းဖြစ်၏။ မုန်းစရာကောင်းတယ်၊ မုန်းကိုမုန်းတယ် စသည်ဖြင့် ပြောဆိုနေကြသည်။ တစ်ဖက်တွင်လည်း "မုန်းစကိုတိုစေ ချစ်စကိုရှည်စေ"စသည်ဖြင့် ပြောဆိုနေကြသည်။ ချစ်ခြင်း၊ မုန်းခြင်းသည် လူ့ဘောင်လောကတည်သမျှ ရှိနေမည်ဖြစ်သည်။ ချစ်ခြင်း၊ မုန်းခြင်း၏ အတိမ်အနက်ပေါ်မူတည်၍ အကျိုးသက်ရောက်မှု တစ်စုံတစ်ခု ဖြစ်ပေါ်လာမည်မှာ သဘာဝပင်ဖြစ်သည်။ ချစ်ခြင်း၊ မုန်းခြင်းကို မိမိစိတ်သန္တာန်အတွင်း ထားရှိပါက ပြဿနာမရှိနိုင်သော်လည်း အပြင်ထွက်၍ ပေါက်ကွဲမှုဖြစ်လာပါက မကောင်းသော အကျိုးဆက်များသာ ပေါ်ပေါက်လာမည်ဖြစ်သည်။ အမုန်းတရားအပြင်းအထန် ပေါက်ကွဲသောအခါ "အလုံးစုံပျက်စီးခြင်း"သို့ ဦးတည်သွားတော့သည်။ တစ်ဖက်စွန်းသို့ ရောက်ရှိသွားပြီး အမုန်တရားကို မျက်ကွယ်ပြုသွားတော့သည်။ ဒေါသများထွက်လာမည်။ မိမိမုန်းနေသူအား ရန်ပြုတော့မည်။ ကိုယ်ထိလက်ရောက်မလုပ်နိုင်လျှင် နည်းလမ်းရှာကြံ၍ တိုက်ခိုက်တော့မည်။

"တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေး ချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebookမှ ပယ်ဖျက်ပါသည်"ဟု Facebook လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းအဖြစ် ဖော်ပြခဲ့သည်ကို သတိရမိသည်။ ဤသည်မှာ အမုန်းတရားကို ကျယ်ကျယ်ပြန့်ပြန့် မပြုလုပ်၊ မပြောဆိုကြရန် အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်။

**အမုန်းတရားဖြင့်လည်း ငြိမ်းချမ်းမှုမရနိုင်**

အမုန်းတရား အမုန်းစကားသည် အလွန်ကြောက်ဖွယ်ကောင်းသည်။ လူ့ဘဝများကို ပျက်စီးစေသည်အထိ ဆိုးကျိုးဖြစ်ပေါ်နိုင်သည်။ ကောင်းကျိုးပေးသည်ဟူ၍မရှိ။ အမုန်းတရားဖြင့်လည်း ငြိမ်းချမ်းမှုမရနိုင်။ စာရေးသူ ကျောင်းသားဘဝ မော်လမြိုင်ကောလိပ်တွင် ဥပစာတန်းတက်ရောက်စဉ်က အင်္ဂလိပ်ဘာသာဆရာဖြစ်သူ မစ္စတာ ရန်းစစ်က အမုန်းတရားနှင့်ပတ်သက်၍ ရှင်းပြခဲ့ဖူးသည်။ ထိုစဉ်က ဥပစာတန်းတွင် လေထန်ကုန်း (Wuthering Heights)စာအုပ် ပြဋ္ဌာန်းခဲ့ရာ ဆရာကြီးက အင်္ဂလိပ်ဘာသာရပ်ကို သင်ကြားပို့ချရင်း ဝတ္ထုဇာတ်ကွက်

**"ယခုလာပြန်ပါပြီ။ အလုပ်မှစွန့်ခွာခြင်း CDM လုပ်နေကြသည်။ CDM မလုပ်သူများကို အမုန်းပွားလျက် Social Punishment ဒဏ်ခတ်ခြင်း ပြုလုပ်နေကြသည်။ ဟုတ်သည်မဟုတ်သည် စိစစ်ခြင်းမရှိဘဲ ဒလန်ဟု စွပ်စွဲဖော်ပြကြပြီး ဆူပူအကြမ်းဖက်မှု သတင်းပေးသူများကိုလည်း အမုန်းပွားနေပြန်သည်။ ညီအစ်ကိုမောင်နှမ၊ မိတ်ဆွေ အပေါင်းအသင်းများကြားဝယ် ကွဲပြားခြားနားကုန်ကြသည်။ ယနေ့ ဆူပူသောင်းကျန်းသူများကို ရှင်းလင်းဆောင်ရွက်နေကြရသူများကိုလည်း အမုန်းပွားနေကြသည်။ ထို့ပြင်မက မိသားစု၊ ဆွေမျိုးသားချင်းများကိုပင် အလုပ်အကိုင်များဖော်ပြကာ ဆွေမျိုးပြတ် လက်စားချေရေး နှိုးဆော်လုပ်ဆောင်နေကြသည်။ မကောင်းသော အလားအလာများပင် ဖြစ်သည်။ ကိုယ်ချင်းစာတရား အလွန်ခေါင်းပါးသူများဟု ဆိုရချေတော့မည်။ အမှန်တွင်မူ "ငါနဲ့မတူ ငါ့ရန်သူ"ဟူသောဝါဒကို လက်ခံလုပ်ဆောင်နေကြခြင်းသာ ဖြစ်သည်။ မျက်မှောက်လောကတွင် တစ်ဖက်အစွန်းထွက်သူများရှိသည်။ ထိုသူများသည် ယနေ့ဖြစ်ပေါ်နေသော အခြေအနေများအပေါ် တစ်ဖက်သတ်လက်ခံထားပြီး အမှန်တရားကို မလေ့လာ မသိရှိသူများဟု ဆိုနိုင်သည်။ ပွင့်ပွင့်လင်းလင်းဆိုရပါက နှစ်ဖက်လေ့လာပါ၊ မှတ်သားပါ၊ အမှန်တရားကို တွေ့ရပါလိမ့်မည်ဟု ပြောလိုသည်"**

ဇာတ်လမ်းကို မြန်မာဘာသာဖြင့် ရှင်းလင်းပြခဲ့သည်။ ဆရာကြီးသည် မြန်မာစကားကို စီကာပတ်ကုံးကျွမ်းကျင်စွာ ပြောပြနိုင်သူဖြစ်သည်။

**အမုန်းတရားနှင့် အဆုံးမသတ်နိုင်**

ဇာတ်လမ်းအရ ဇာတ်ကောင်ဖြစ်သူ ဟိသ်ကလစ်သည် အမုန်းတရားကို လက်ကိုင်ထားပြီး ဘဝကို လှုပ်ရှားဖြတ်သန်းသွားကြောင်း ရှင်းပြခဲ့သည်။ အင်္ဂလိပ်ဘာသာသင်တန်းဖြစ်သော်လည်း မငြီးငွေ့။ စိတ်ဝင်စားဖွယ် နားထောင်ခဲ့ရသည်။ ယခုချိန်ထိ အမှတ်ရနေသော ဆရာကြီးပြောပြသည့် စာသားလေးမှာ အမုန်းတရားနှင့် ပတ်သက်နေသည်။ ဆရာကြီးက အမုန်းတရားကို အမုန်းတရားနှင့် အဆုံးမသတ်နိုင်ကြောင်း ရှင်းပြခဲ့သည်။ အမုန်းတရားဖြစ်ပေါ်လာပါက အမုန်းတရားကို ဆက်မပွားစေဘဲ အကောင်းမြင်ဝါဒ Positive Thinking ဖြင့် အစားထိုးသင့်သည်ဟု ဆိုသည်။

**အကျိုးဆက်ကိုသာကြည့်**

ပြဿနာဘာကြောင့်ဖြစ်သလဲ ဆိုခြင်းထက် ပြဿနာဖြစ်လာက နောင်ဖြစ်ပေါ်လာမည့် အကျိုးဆက်ကိုသာကြည့်ရန်ဟု အဆင့်မြင့်သင်တန်းကြီး တစ်ခုတွင် ဆွေးနွေးခဲ့ကြရဖူးသည်။ ဆိုလိုသည်မှာ ဥပမာ ကုန်ဈေးနှုန်းကြီးမြင့်မှုပြဿနာတွင် သယ်ယူပို့ဆောင်ရေးစရိတ်၊ ကုန်သည်များ၏ အမြတ်ကြီးစားခြင်းဟူသော အကြောင်းတရားများကို စဉ်းစားရန်မလိုဘဲ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် နောင်တွင် မည်သည့်အကျိုးတရားများ ဖြစ်လာနိုင်သည်ကို စဉ်းစားရန်ဟု ဖြစ်သည်။ ယနေ့ကာလတွင် အတိတ်က အရေးအခင်းများကိုဖော်ပြပြီး ထိုစဉ်က ထိန်းသိမ်းဖြေရှင်းပေးခဲ့သူများကို အမုန်းတရားပွားလျက်ရှိသည်။ ဦးသန့် အရေးအခင်း၊ ရှလိုင် ၇ ရက်၊ ၈၈ အရေးအခင်း စသည်များကိုဖော်ပြပြီး ဆောင်ရွက်ခဲ့သော တပ်မတော်အပေါ် အမုန်းပွားစေရန် လှုံ့ဆော်နေကြသည်။ ယနေ့ကာလတွင် ထိုသူများလည်း မရှိကြတော့။ အခြေအနေများလည်း ပြောင်းလဲသွားကြပြီဖြစ်ကြောင်း သိရှိရန်လိုသည်။

ယခုလာပြန်ပါပြီ။ အလုပ်မှစွန့်ခွာခြင်း CDM လုပ်နေကြသည်။ CDM မလုပ်သူများကို အမုန်းပွားလျက် Social Punishment ဒဏ်ခတ်ခြင်း ပြုလုပ်နေကြသည်။ ဟုတ်သည်မဟုတ်သည် စိစစ်ခြင်းမရှိဘဲ ဒလန်ဟု စွပ်စွဲဖော်ပြကြပြီး ဆူပူအကြမ်းဖက်မှုသတင်းပေးသူများကိုလည်း အမုန်းပွားနေပြန်သည်။ ညီအစ်ကိုမောင်နှမ၊ မိတ်ဆွေအပေါင်းအသင်းများကြားဝယ် ကွဲပြားခြားနားကုန်ကြသည်။ ယနေ့ ဆူပူသောင်းကျန်းသူများကို ရှင်းလင်းဆောင်ရွက် နေကြရသူများကိုလည်း အမုန်းပွားနေကြသည်။ ထို့ပြင်မက မိသားစု၊ ဆွေမျိုးသားချင်းများကိုပင် အလုပ်အကိုင်များဖော်ပြကာ ဆွေမျိုးပြတ် လက်စားချေရေး နှိုးဆော်လုပ်ဆောင်နေကြသည်။ မကောင်းသော အလားအလာများပင် ဖြစ်သည်။ ကိုယ်ချင်းစာတရား အလွန်ခေါင်းပါးသူများဟု ဆိုရချေတော့မည်။ အမှန်တွင်မူ "ငါနဲ့မတူ ငါ့ရန်သူ"ဟူသောဝါဒကို လက်ခံလုပ်ဆောင်နေကြခြင်းသာ ဖြစ်သည်။ မျက်မှောက်လောကတွင် တစ်ဖက်အစွန်းထွက်သူများရှိသည်။ ထိုသူများသည် ယနေ့ဖြစ်ပေါ်နေသော အခြေအနေများအပေါ် တစ်ဖက်သတ်လက်ခံထားပြီး အမှန်တရားကို မလေ့လာ မသိရှိသူများဟု ဆိုနိုင်သည်။ ပွင့်ပွင့်လင်းလင်းဆိုရပါက နှစ်ဖက်လေ့လာပါ၊ မှတ်သားပါ၊ အမှန်တရားကို တွေ့ရပါလိမ့်မည်ဟု ပြောလိုသည်။

တရား(အမုန်တရား) မုန်းသောသူများသည် ပျက်စီးတတ်ကြောင်း မြတ်စွာဘုရားက ဟောကြားခဲ့ပြီးဖြစ်သည်။ ဘုရားရှင်က ပျက်စီးတတ်သော အကြောင်းတရားများကို "ဖရာဘဝသုတ်"တွင် တရားကိုမုန်းသောပုဂ္ဂိုလ်များ ပျက်စီးတတ်သည်ဟု ဟောဖော်ဆုံးမခဲ့သည်။

**မိမိကိုယ်ကို ကောင်းစွာဆောက်တည်**

အမုန်းတရားပွားနေသူများ၊ အမုန်းစကားဆိုနေသူများအတွက် အမုန်းတရားနှင့် အမုန်းစကားအစား ဥပေက္ခာတရားထားရှိနိုင်အောင် ကြိုးစားကြစေချင်ပါသည်။ ဥပေက္ခာသည် ချစ်ခြင်း၊ မုန်းခြင်း၊ မသိကျိုးကျွန်နေခြင်း စသောတုံ့ပြန်မှုများ မပြုလုပ်ခြင်းဖြစ်သည်။ ဝန်းကျင်တွင် ဖြစ်ပျက်သမျှကို ကြောင်းကျိုးခြေမြစ်စွာ လေ့လာသုံးသပ်ပြီး အမှန်တရားကို တွေ့အောင်ရှာကာ မိမိကိုယ်ကို ကောင်းစွာဆောက်တည်နိုင်အောင် ကြိုးစားကြစေချင်ပါသည်။ တစ်ခုတည်းသော အခြေအမြစ်ကို အပြည့်အဝယုံကြည်လိုက်ကာ အစွန်းရောက်သည်အထိ စိတ်ခံစားမှုထားရှိလျှင် အမုန်းတရားများပွားကာ အမုန်းစကားများကြားရမည်သာဖြစ်သည်။ ကောင်းကျိုးမပြုသော အမုန်းတရားများ မဖြစ်ကြစေလိုပါ။ အမုန်းစကားများလည်း မကြားလိုပါ။ ။

ဥပဒေကို ဆန့်ကျင်ကာ ဆူပူဖျက်ဆီးပါက မှားကြလိမ့်မယ်။
ရှယ်တူ သူငယ်ချင်းများက အမှား မလုပ်မိခင် ကယ်တင်ဆွေးနွေး ဖျောင်းဖျ တားဆီးကြပါ။
လူငယ်ဘဝဟာ နိုင်ငံ့လူမျိုးကောင်းကျိုး အတွက်သာ ဖြစ်ရမှာ....။



**အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။**

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဝိုင်းမော်မြို့မှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ တွေ့ဆုံ

မြစ်ကြီးနား ဧပြီ ၄

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းမော်မြို့မှ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဧပြီ ၃ ရက်တွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးသည်။

ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ ဆမားခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိတ်ဆက်စကားများ ပြောကြားပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌက လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပြောင်းလဲမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်(၉)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်၍ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့ပြင် ဝိုင်းမော်မြို့သည် ဖွံ့ဖြိုးတိုးတက်ရန် အရှိန်ယူနေသည့် မြို့နယ်တစ်ခုဖြစ်၍ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်အားကောင်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်သည့် မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဝိုင်းမော်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သည့် မြို့အင်္ဂါရပ်နှင့်အညီ မြို့တော်ခန်းမ ရရှိရေး၊ နိုင်ငံသားမှတ်ပုံတင်များ ပြုလုပ်ပေးရေး၊ အမှတ်(၂)ဈေး တည်ဆောက်ပြီးစီးမှုကို ဆိုင်ခန်းများ စိစစ်ရောင်းချပေးနိုင်ရေး၊ တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ရရှိရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရေး၊ ရပ်ကွက်ချင်းဆက်လမ်းနှင့် တံတားများ တည်ဆောက်ပေးရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းဆုံမီးပွိုင့်များ ထပ်တိုးတပ်ဆင်ပေးနိုင်ရေး၊ မြို့နယ်ဘောလုံးကွင်း၌ ပွဲကြည့်စင် ဆောက်လုပ်ပေးရေး၊ ရွှေညောင်ပင်ကျေးရွာ အခြေခံပညာကျောင်းအတွက် ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ရာရရှိရေး စသည်တို့ကို တင်ပြတောင်းဆိုခဲ့ကြပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကာ ပြည်နယ်ကောင်စီ အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး အားပေးခဲ့ကြကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။ ပြည်နယ်(ပြန်/ဆက်)

## ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



ပဲခူး ဧပြီ ၄

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပဲခူးမြို့ရှိ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက CDM လုပ်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများအား မိမိတို့၏ သားသမီးများသဖွယ် နောက်ဆုံးအချိန်အထိ ရုံးပြန်တက်အောင် စည်းရုံးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိအချိန်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နှစ်ဝက်ရောက်ပြီဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏လျှို့ဝှက်ချက် အက်ဥပဒေကို အထူးလေးစားလိုက်နာရေး ဝန်ထမ်းများအား အသိပေး ပြောကြားထားရန်နှင့် ဧပြီလတွင် ရုံးပိတ်ရက်များပြားသည့်အတွက် ရုံးဌာနများအနေဖြင့် မီးဘေးလုံခြုံရေးကို ဂရုစိုက်ရန် စသည်တို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်သည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြပြီး ကောင်စီဝင်များက လိုအပ်ချက်များကို ဖြည့်စွက်အကြံပြုကာ ကောင်စီအတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

တင်စိုး(ပဲခူး)

## ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ အစည်းအဝေးကျင်းပ

ဘားအံ ဧပြီ ၄

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၁)ကို ဧပြီ ၂ ရက်က ဘားအံမြို့ရှိ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌ တရားမဝင်ကုန်ပစ္စည်းများ၊ စက်တပ်ယာဉ်များ၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်းမရှိသည့် စားသုံးဆီများအပါအဝင် တရားမဝင်ခိုးသွင်းမှုများကို ထိရောက်စွာ ဟန့်တားပိတ်ဆို့ အရေးယူဆောင်ရွက်သွားရန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ညွှန်ကြားထားကြောင်း ပြောကြားသည်။

ကရင်ပြည်နယ်အနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး မြဝတီနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းပေါ်တွင် တည်ရှိသည့်အတွက် အထက်ပါညွှန်ကြားချက်သည် အလေးထား လိုက်နာဆောင်ရွက်သွားရမည့် ညွှန်ကြားချက်တစ်ခုဖြစ်ပြီး တရားမဝင် ကုန်သွယ်မှုများ လျော့နည်း၊ ပပျောက်၊ ကင်းစင်သွားအောင် ဥပဒေနှင့်အညီ တိုက်ဖျက်သွားရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ချက်များသည်လည်း တစ်လထက်တစ်လ တိုးတက်မှုရှိရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ တဖြည်းဖြည်းလျော့ပါး၍ လမ်းကြောင်းမှန်ပေါ်ရောက်ရှိလာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တရားမဝင် ပို့ကုန် သွင်းကုန်များကို တားဆီးနိုင်မှသာလျှင် တိုင်းပြည်ဝင်ငွေတိုးတက်မည်ဖြစ်၍ အားလုံး ဆွေးနွေးတိုင်ပင်ညှိနှိုင်းပေါင်းစပ်ပြီး လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ ဆောင်ရွက်သွားကြရန်လိုကြောင်းလည်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ တွဲဖက်အတွင်းရေးမှူး(၁) ပြည်နယ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် အတွင်းရေးမှူး ပြည်နယ်အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးတို့က ပြည်နယ်အတွင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ကိုကိုးကျွန်းခရီးစဉ် M.V CHARITES သင်္ဘော ယနေ့ရန်ကုန်မြို့သို့ ပြန်လည်ဆိုက်ရောက်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့မှ ကိုကိုးကျွန်းမြို့နယ်ခရီးစဉ်သို့ ပြေးဆွဲပေးခဲ့သော M.V CHARITES သင်္ဘောသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ရောက်လာကြောင်း သိရသည်။

"ဒီကနေ ကိုကိုးကျွန်းက ပြန်လည်ရောက်ရှိလာတဲ့ M.V CHARITES သင်္ဘောခရီးစဉ်ဟာ ဒီကနေ့ ၉ နာရီမှာပဲ ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းကို ပြန်လည်ဆိုက်ကပ်လာပါတယ်။ ဒီသင်္ဘောခရီးစဉ် ပြေးဆွဲပေးတဲ့ ရည်ရွယ်ချက်က အဲဒီဒေသမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ အထောက်အပံ့ဖြစ်ဖို့၊ ဒေသမှာနေတဲ့ ပြည်သူလူထုကို လူမှုရေး၊ ကျန်းမာရေးကအစ အထောက်အပံ့ဖြစ်ဖို့နဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီခရီးစဉ်ကို ပြေးဆွဲပေးခဲ့တာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ယနေ့ ရန်ကုန်ဆူးလေဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ကပ်သော ကိုကိုးကျွန်းခရီးစဉ် M.V CHARITES သင်္ဘောသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ YRTA ဦးဆောင်မှုဖြင့် ပြီးခဲ့သော မတ် ၂၈ ရက်တွင် ရန်ကုန်မြို့မှ ကိုကိုးကျွန်းမြို့သို့ ထွက်ခွာခဲ့ခြင်းဖြစ်သည်။ ပြန်လည်ဆိုက်ရောက်လာသော M.V CHARITES သင်္ဘောတွင် ဝန်ထမ်းငါးဦး၊ ခရီးသည် ၁၈ ဦး စုစုပေါင်း ၂၃ ဦး လိုက်ပါလာသည်။ ယခင် ကိုကိုးကျွန်းခရီးစဉ်ကို မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းမှ ပြေးဆွဲပြီး နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ပြေးဆွဲမှုကို ရပ်ဆိုင်းခဲ့၍ တပ်မတော်ရေယာဉ်နှင့် လေယာဉ်များ အခါအားလျော်စွာ ပြေးဆွဲပေးခဲ့သည်။

"ဒီခရီးစဉ်ပြေးဆွဲတဲ့အခါမှာ ရေယာဉ်အပါအဝင် ငွေကြေးသုံးစွဲမှုတွေရှိတယ်။ အဲဒီအချက်တွေအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရဲ့ညွှန်ကြားမှုကို YRTA အနေနဲ့ လိုက်ပြီး ဆောင်ရွက်ပေးရတယ်။ ကျွန်တော်တို့ YRTA က ကြီးကြပ်ပြေးဆွဲပေးသလို ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ဆွဲပေးတာရှိတယ်။ အခုဆို ကိုကိုးကျွန်းမှာ ၂၄ နာရီမီးလင်းရေး အဓိကဆောင်ရွက်နိုင်ခဲ့လို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေပါ သူ့အလိုလို ပါလာတော့မှာဖြစ်ပါတယ်"ဟု YRTA တွဲဖက်အတွင်းရေးမှူးက ထပ်မံရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်သို့ ယခင်က တပ်မတော်ရေယာဉ်နှင့် ရဟတ်ယာဉ်များဖြင့်သာ ခရီးစဉ်များ ပြေးဆွဲပေးခဲ့ရာမှ YRTA အနေဖြင့် ယခုကဲ့သို့ စတင်ပါဝင် ပြေးဆွဲပေးခဲ့မှုမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် ငါးကြိမ်မြောက် ပြေးဆွဲပေးခဲ့ခြင်းဖြစ်သည်။ YRTA အနေဖြင့် ယခုကဲ့သို့ ပြေးဆွဲပေးမှုသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဌာနများဖြစ်သော ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန စသည့် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ကာ အဆိုပါခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။



ကိုကိုးကျွန်း M.V CHARITES ခရီးစဉ်သင်္ဘော ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းသို့ ပြန်လည် ဆိုက်ကပ်လာစဉ်။

သတင်း- ထိုက်အောင်ဝင်း

ဓာတ်ပုံ- မိုးမခ

# ၁၀ တန်းသွား တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးခြင်းနှင့် ကြားပေါင်းလိုက်သမန်းနှီးခြင်းများကို တောင်သူပညာပေး သရုပ်ပြ

လယ်ဝေး မေ ၄

စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၇) စက်မှုလယ်ယာစခန်းမှ ၁၀ တန်းသွား တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးခြင်းနှင့် ကြားပေါင်းလိုက် သမန်းနှီးခြင်း တောင်သူပညာပေး သရုပ်ပြမှုကို လယ်ဝေးမြို့နယ် ပေတုန်းမျှောင်ရွာမှဒေသခံတောင်သူများ၏ လယ်မြေများ၌ မေ ၄ ရက်က ပြုလုပ်ခဲ့သည်။



၁၀ တန်းသွား တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးမှုကို သရုပ်ပြနေစဉ်

၁၀ တန်းသွားတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးခြင်း သရုပ်ပြမှုကို ပေတုန်းမျှောင်ကျေးရွာရှိ တောင်သူ ဦးထွန်းမြင့်နှင့် ဦးဝေလင်းတို့၏လယ်ယာများတွင် ပြုလုပ်ပြီးနောက် တောင်သူ ဦးခင်မောင်၏ နွေစပါးစိုက်ခင်းတွင် ကြားပေါင်းလိုက် သမန်းနှီးခြင်းများကိုလည်း လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက တောင်သူပညာပေးသရုပ်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သရုပ်ပြပွဲသို့ စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

# ရုံးပတီစိုက်ပျိုးရောင်းချခြင်းဖြင့် ကျောက်ဆည်မြို့မှ တောင်သူမိသားစုများ နေ့စဉ်ဝင်ငွေရရှိနေ

ကျောက်ဆည် မေ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ တံတားလည်ရပ်ကွက်မှ ဒေသခံတောင်သူ မိသားစုအချို့အနေဖြင့် ရုံးပတီပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအတွက် နေ့စဉ် အပိုဝင်ငွေရရှိကာ စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တံတားလည်ရပ်ကွက်မှ ရုံးပတီစိုက်ပျိုးထားသူတစ်ဦးဖြစ်သည့် ဦးအောင်သင်းက "မြေကတော့ လေးဧကရှိပါတယ်၊ ဇော်ဂျီမြစ်ဘေးက သဲနုန်းမြေတွေဆိုတော့ စပါးစိုက်လို့မရဘူး။ မိသားစုက ခြောက်ယောက်ရှိတော့ မိသားစုအနေနဲ့ တစ်ပိုင်တစ်နိုင်လည်းဖြစ် နေ့စဉ်ဝင်ငွေရမယ့် ရုံးပတီ၊ ခရမ်းသီး၊ ချဉ်ပေါင်၊ မုန်လာဥ၊ ဆူးပန်း စတဲ့ ရာသီပေါ် နေ့စဉ်ဝင်ငွေရ အသီးအနှံတွေကို နှစ်ပတ်လည် စိုက်ပျိုးပါတယ်။ ရုံးပတီကိုတော့ တစ်ဧက စိုက်ပျိုးထားပါတယ်။ မိသားစုတွေ ဝိုင်းလုပ်တာဆိုတော့ ကုန်ကျငွေက ကျပ်တစ်သိန်းကျော်ပဲ ရှိပါတယ်။ စိုက်ပျိုးပြီး ရက်ပေါင်း ၆၀ ကျော်ရင် စတင်ခူးဆွတ် ရောင်းချရပါတယ်။ စတင်ခူးဆွတ်ချိန်မှာ ၁၂ ပိဿာလောက်ပဲရပြီး အသီးလှိုင်ချိန်မှာတော့ အချိန် ၆၀ လောက်အထိ ခူးဆွတ်ရပါတယ်။ ရောင်းတာကတော့ ကိုယ်တိုင် လက်လီရောင်းသလို အဝယ်ဒိုင်ကိုလည်း သွင်းပါတယ်။ သွင်းဈေးအနေနဲ့ တစ်ပိဿာကျပ် ၆၀၀ ဈေးရပါတယ်"ဟု ပြောသည်။



ရုံးပတီသီးများကို ခူးဆွတ်နေသည့် တောင်သူတစ်ဦး

ရုံးပတီပင်များသည် ရေကြိုက်နှစ်သက်သဖြင့် မြေကို ကောင်းစွာပြုပြင်ပြီး နှစ်ပေခြား ပေါင်များလုပ်ကာ တစ်ပင်နှင့်တစ်ပင် တစ်တောင်ခန့်အကွာတွင် တိုက်ရိုက်အစေ့ချ စိုက်ပျိုးပြီး အစိုဓာတ်မပြတ်အောင် ရေတင်ပေးရကြောင်း၊ အပင်ငယ်ချိန်တွင် မြေဆွခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာကျွေးခြင်းများ ပြုလုပ်ပေးမှသာ အပင်ကြီးထွားပြီး အသီးထွက်နှုန်း ကောင်းမွန်ကြောင်း၊ ပိုးသတ်ဆေးကိုလည်း လိုအပ်သလို ဖျန်းပေးရကြောင်းနှင့် အပင်ပြုစုမှုကောင်းပါက အသီးစသီးချိန်မှ သုံးလခန့်အထိ ခူးဆွတ်ရောင်းချရသဖြင့် မိသားစု တစ်ပိုင်တစ်နိုင် ရုံးပတီစိုက်ပျိုးရောင်းချသည့် တောင်သူများအနေဖြင့် အဆင်ပြေကြကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# သစ်တောသစ်ပင် စိုက်ပျိုးပြုစုခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာအဖြာဖြာ

သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုခြင်းဆိုသည်မှာ သစ်တောနှင့် သစ်ပင်တို့၏ သဘာဝ အလျောက် ကြီးထွားပုံ၊ မျိုးဆက်ပုံ၊ ၎င်းသစ်ပင်တို့က ပတ်ဝန်းကျင်နှင့် မည်သို့ ဆက်သွယ်တုံ့ပြန်မှုရှိသည်တို့ကို လေ့လာခြင်းဖြစ်သည်။

ယင်းအချက်များကို ဆင်ခြင်သုံးသပ်ပြီး သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ရည်မှန်းချက် ပြည့်မီစေရန် သစ်တောသစ်ပင်များကို စိုက်ပျိုးပြုစု ထိန်းသိမ်းသည့်နည်းလမ်း (သို့မဟုတ်) ဆောင်ရွက်ပုံများကို လေ့လာသော ပညာရပ် Culture တစ်ခုလည်း ဖြစ်သည်။

သစ်တောစိုက်ပျိုးပြုစုခြင်း ပညာအတွက် သိရှိထားရန်လိုအပ်သောအချက်များအနက်-

(၁) သစ်ပင်များ မည်သို့ ပေါက်ပွား၊ မျိုးပြန့်၊ မျိုးဆက်သည်ကို သိရှိရန်၊
(၂) ဒေသအသီးသီးရှိ ရာသီဥတုကို သိရှိရန်၊
(၃) မိုးရွာသွန်းမှု (မိုးရေချိန်လက်မ၊ မိုးရွာသွန်းအကြိမ်ရေများ)ကို သိရှိရန်၊
(၄) ဒေသအလိုက် သစ်ပင်အမျိုးအစား၊ သစ်တောအမျိုးအစားများ၏ ပေါက်ရောက်ခြင်းကို သိရှိရန်၊
(၅) မြေအမျိုးအစား(Soil Form)ကို သိရှိရန်၊
(၆) သစ် အမျိုးအစားအလိုက်၊ တော အမျိုးအစားအလိုက် အသွင်အပြင် အခြင်းအရာ ထူးခြားချက်များကို လေ့လာသုံးသပ်ပြီး သစ်တောအုပ်ချုပ်လုပ်ကိုင်မှု လိုအပ်ချက်များကို ဖြည့်ဆည်းရန်၊
(၇) စိုက်ပျိုးပြုစုပညာရပ်များကို သိရှိရန်နှင့် အမျိုးမျိုးသော သစ်တောစိုက်ပျိုးမှု နည်းစနစ်များကို စိစစ်ရွေးချယ်မှုတို့လည်း ပါဝင်နေသည်။

အဓိကအားဖြင့် သဘာဝ ဖြစ်ပေါ်တည်ရှိမှု (follow the nature)ကို မှတည်ပြီး သစ်တောစိုက်ပျိုးပြုစုပညာဖြင့် စဉ်းစားချင့်ချိန် ဆောင်ရွက်ခြင်းမှာ သစ်တောစိုက်ခင်း တည်ထောင်သူများ သတိပြုရမည့်အချက်ပင် ဖြစ်သည်။

သစ်တောစိုက်ပျိုးပြုစုခြင်းအတွက် တတ်ကျွမ်းရန်လိုသော အခြေခံအကျဉ်းအနေဖြင့်-

(၁) လောကဓာတ်ပညာ၊
(၂) သစ်ပင်ပေါက်ရောက်ပုံ ပေါက်ရောက်နည်း၊
(၃) သစ်တော၌ သစ်ပင်ပေါက်ရောက်ခြင်းကို ပြုပြင်ပြောင်းလဲစေသောအချက်၊
(၄) သစ်ပင်များ၏ အမူအရာ အသွင်အပြင် လက္ခဏာများ၊
(၅) မြန်မာပြည်၌ သစ်တောအမျိုးအစားများ ကွဲပြားခြားနားခြင်းတို့မှာလည်း လေ့လာဖွယ်ရာအချက်များပင် ဖြစ်ပေတော့သည်။

နန်းထက်ထက်ချစ်

# ခရမ်းချဉ်သီးများ ဈေးထိုးကျပြီးမှ ပြန်တက်လာသဖြင့် မင်းဘူးမြို့နယ်အတွင်းမှ ခရမ်းချဉ်စိုက်ပျိုးသူများ အဆင်ပြေလာ

မင်းဘူး မေ ၄

မင်းဘူး(စကု)မြို့နယ်အတွင်းမှ ခရမ်းချဉ်စိုက်ခင်းများမှာ ယခုနှစ်တွင် စိုက်ပျိုးချိန်နောက်ကျခဲ့သော်လည်း လက်ရှိအချိန်တွင် ခရမ်းချဉ်သီးဈေးများ ပြန်တက်လာသဖြင့် ဒေသခံ ခရမ်းချဉ်စိုက် တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ခရမ်းချဉ်က မီးဖိုချောင်သုံးစားစရာ ရောင်းကုန်အဖြစ်နဲ့ အဓိက ရောင်းချရတာပါ။ စောစောပိုင်းမှာ ခရမ်းချဉ်သီးဈေးက တစ်ပိဿာကို ကျပ် ၉၀၀/၁၀၀၀ ကနေ ကျပ် ၁၀၀/၂၀၀ ဈေးအထိ ထိုးကျသွားတော့ ကျွန်တော်တို့ တောင်သူတွေ တော်တော်ဒုက္ခရောက်ခဲ့ကြတယ်။ အခုတော့ မူလနှုန်းအတိုင်း လက်လီဈေးမှာ တစ်ပိဿာကို ကျပ် ၉၀၀/၁၀၀၀ အထိ ပြန်တက်လာတဲ့အတွက် ကျွန်တော်တို့ တောင်သူတွေအနေနဲ့ အတိုင်းမသိဝမ်းသာရပါတယ်"ဟု မင်းဘူးဒေသခံ ခရမ်းချဉ်စိုက်တောင်သူ ကိုဘအေးက ပြောသည်။

မင်းဘူးမြို့နယ်ရှိ ကျေးရွာများအနက် ကျောက်တန်းကျေးရွာသည် ခရမ်းချဉ်ကို အဓိကထားစိုက်ပျိုးသည့် ဒေသဖြစ်ပြီး မိုးခရမ်းချဉ်၊ ဆောင်းခရမ်းချဉ်ဟု အမျိုးမျိုးစိုက်ပျိုးကြကာ လက်ရှိအချိန်တွင် မင်းဘူးမြို့နယ် ဈေးကွက်အတွင်း၌ ခရမ်းချဉ်သီးလက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၈၀၀/၈၅၀ ခန့်နှင့် လက်လီဈေးအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ခန့် ဈေးနှုန်းများဖြင့် ရောင်းချနေရကြောင်း ခရမ်းချဉ်စိုက်ပျိုးနေသူများထံမှ သိရသည်။

"ဒီနှစ်က တခြား ဟင်းသီးဟင်းရွက်ဈေးတွေ အကုန်ကျနေပြီး ခရမ်းချဉ်သီးဈေးတစ်မျိုးတည်းပဲ ကျပ် ၄၀၀/၅၀၀ အထိ ကျရာကနေ ကျပ် ၉၀၀/၁၀၀၀ အထိ ဈေးပြန်တက်လာတာပါ။ အခုရက်ပိုင်းမှာ ခရမ်းချဉ်သီးဈေးတွေ ပြန်တက်လာတော့ တောင်သူတွေ အသက်ရှူချောင်တာပေါ့"ဟု ကျောက်တန်းကျေးရွာမှ ခရမ်းချဉ်စိုက်ပျိုးသူ မနွယ်နွယ်ဌေးက ပြောသည်။



မင်းဘူးမြို့နယ်၌ ယခုနှစ် ခရမ်းချဉ်စိုက်ပျိုးကြရာတွင် အပင်ငယ်ချိန်တွင် မှိုရောဂါကျရောက်ပြီး ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရသူများရှိသဖြင့် အထူး ဂရုစိုက်ပြီး မှိုရောဂါအတွက် ပိုးသတ်ဆေးဖျန်းပေးရကြောင်း၊ အပင်ကြီးလာသည့်အချိန်တွင်လည်း ရွက်လိပ်ပိုးနှင့် မှိုရောဂါများ ကျရောက်တတ်သောကြောင့် အထူးဂရုပြု၍ စိုက်ပျိုးရပြီး ဝါနေသောအရွက်များနှင့် လိပ်နေသော အရွက်များကို လှီးဖြတ်ပေးရကြောင်း ခရမ်းချဉ်စိုက်ပျိုးသူများထံမှ သိရသည်။

ဇေယျာထက်(မင်းဘူး)

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ နည်းလမ်းများအတိုင်း အဖျက်အမှောင့်လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်

နေပြည်တော် မေ ၄

ဆူပူအကြမ်းဖက်သူ လူစုလူဝေးများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို တစ်နေ့ထက်တစ်နေ့ ပိုမိုလုပ်ဆောင်နေကြပြီး မေ ၄ ရက်တွင်လည်း တိုင်းဒေသကြီး/ ပြည်နယ်များ၌ မြို့နယ်အချို့ရှိ နိုင်ငံတော်ပိုင်အဆောက်အဦများကို လက်လုပ်မိုင်း၊ မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**လက်လုပ်မိုင်းဖြင့် ပစ်ပေါက်**

ထိုသို့ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ရာ မေ ၃ ရက် ည ၁၁ နာရီ မိနစ် ၄၀ တွင် ဒီမော့ဆိုမြို့နယ် ရွှေယောက်ရပ်ကွက်ရှိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးသို့ အမျိုးသား (စိစစ်ဆဲ)မှ ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်း ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်လုပ်မိုင်းမှာ ရုံးရှေ့တွင်ရပ်ထားသော မော်တော်ယာဉ်အနီး ကျရောက် ပေါက်ကွဲခဲ့သဖြင့် မော်တော်ယာဉ်၏ ယာဘက်ခြမ်းဘေးမှန်များနှင့် ရုံးတံခါးမှန် ၁ ချပ်တို့ ပျက်စီးသွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

**မီးတုတ်ဖြင့် မီးရှို့**

အလားတူ ယနေ့နံနက် ၃ နာရီ မိနစ် ၄၀ တွင် စမ်းချောင်းမြို့နယ် ကျွန်းတောမြောက်ရပ်ကွက် ကျွန်းတောလမ်းနှင့် အောင်သပြေလမ်းထောင့်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးနှင့်တွဲလျက် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနပိုင် အဆောက်အဦ မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၁၀ မိနစ်အချိန်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် ဖြစ်စဉ်အား စိစစ်ခဲ့ရာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား အကြမ်းဖက်သူလူတစ်စုက မီးတုတ်ဖြင့် မီးရှို့ခဲ့ရာမှ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးနှင့် စည်ပင်သာယာရေးဦးစီးဌာနပိုင် စက်ရေတွင်းအမှတ်(၈) အဆောက်အဦတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အလားတူ နံနက် ၈ နာရီတွင် ကော့ကရိတ်မြို့ ရဲစခန်းဝင်ပေါက်ယာဘက်အခြမ်း နေအိမ်လိုင်းခန်းနှင့် အုတ်နံရံကြားတွင် အမေရိကန်နိုင်ငံထုတ် M 67 ဟု ယူဆရသည့် စနက်တံဖြုတ်လျက် မောင်းတံပါ လက်ပစ်ဗုံးတစ်လုံး တွေ့ရှိရသဖြင့် နယ်မြေခံ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တပ်ဖွဲ့ဝင်များက စနစ်တကျဖောက်ခွဲခဲ့သော်လည်း ပေါက်ကွဲမှု မရှိသဖြင့် လုံခြုံသောနေရာတွင် ထိန်းသိမ်းထားနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်အချိန်တွင် ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် ပဲခူး-သနပ်ပင် ကားလမ်းဘေးရှိ Mytel ရုံးချုပ်အား နာရီစင်ဘက်မှ သနပ်ပင်မြို့ဘက်သို့ အမျိုးသား ၂ ဦး (စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ် အနောက်မှစီးနင်းလာသူက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ Mytel ရုံးရှေ့ ကျရောက်ပေါက်ကွဲခဲ့ပြီး ရုံးလုံခြုံရေး အဆောက်အဦ မှန် ၃ ချပ် ကွဲအက်ပျက်စီးခဲ့သည်။

**လက်ပစ်ဗုံးဖြင့် ပစ်**

ဆက်လက်၍ အဆိုပါ အကြမ်းဖက်သူ ၂ ဦးသည် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်အချိန်တွင် နန်းတော်ရာ ရပ်ကွက် ရွှေမော်ဓောဘုရားတောင်ဘက်မုခ်အနီးရှိ ပိတ်ထားသော ကွမ်းယာဆိုင်နှင့် မုခ်ဝရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည့် ဘန်ကာတို့အား လက်ပစ်ဗုံး ၂ လုံးဖြင့် ထပ်မံလာရောက်ပစ်ပေါက်ခဲ့ရာ ကွမ်းယာဆိုင်ရှေ့ ကျရောက်ခဲ့သော လက်ပစ်ဗုံးမှာ ပေါက်ကွဲခဲ့ပြီး ကွမ်းယာဆိုင်၌ ကာရံထားသော မှန်များ ကွဲအက်ပျက်စီးခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ပေါက်လိုက်သော ဗုံးမှာ ပေါက်ကွဲခြင်းမရှိကြောင်းနှင့် အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များအတွင်း အကြမ်းဖက်မှုလုပ်ရပ်ကျူးလွန်ခဲ့သူများအားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ဆူပူအကြမ်းဖက်သူများ မီးရှို့၍ နေအိမ် ၁ လုံး မီးလောင်ပျက်စီးကာ အမျိုးသား ၁ ဦးသေ၊ အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ဆူပူအကြမ်းဖက်သူများက မီးရှို့ခဲ့၍ ယနေ့တွင် နေအိမ်တစ်လုံး မီးလောင်ပျက်စီးကာ အမျိုးသား ၁ ဦး သေဆုံးခဲ့ပြီး အမျိုးသမီး ၁ ဦး ထိခိုက်ဒဏ်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁ နာရီခွဲတွင် တမူးမြို့ (၁၄) ရပ်ကွက်နေ အမျိုးသားတစ်ဦးနှင့် ၎င်း၏ဇနီးဖြစ်သူတို့သည် နေအိမ်၌ အိပ်ပျော်နေစဉ် ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူ အင်အား ၁၀ ဦးခန့် ရောက်ရှိလာပြီး နေအိမ်ခြံဝင်းအတွင်းသို့ လက်လုပ်ဗုံး၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ကာ ဆူပူအကြမ်းဖက်သူများအတွင်းမှ မျက်နှာဖုံးစွပ်ထားသူ ၄ ဦးသည် ရဲတင်းများ ကိုင်ဆောင်ပြီး နေအိမ်ပေါ်သို့တက်လာ၍ အမျိုးသားနှင့် ၎င်း၏ဇနီးဖြစ်သူတို့အား ဝိုင်းဝန်းထိုးခုတ် ရိုက်နှက်ကာ နေအိမ်အပေါ်ထပ်ရှိ ဂက်(စ်)အိုးနှင့် နေအိမ်ခြံဝင်းအတွင်းရှိ လယ်ထွန်စက်တို့အား မီးရှို့နေသဖြင့် ဇနီးဖြစ်သူမှာ နေအိမ်ပြတင်းပေါက်မှ ခုန်ချထွက်ပြေးခဲ့ရပြီး အမျိုးသားဖြစ်သူမှာ နေအိမ်အတွင်း ဒဏ်ရာများဖြင့် ကျန်ရှိခဲ့ကာ နေအိမ်နှင့်အတူ မီးလောင်ကျွမ်း သေဆုံးခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဇနီးဖြစ်သူမှာ ဦးခေါင်း၊ မျက်နှာ၊ ဝဲ/ယာ ခြေထောက်တို့တွင် ပြတ်ရှဒဏ်ရာများ ရရှိကာ နှစ်ထပ်နေအိမ် ၁ လုံး၊ ဆိုင်ကယ် ၃ စီး၊ လယ်ထွန်စက် ၁ စီးတို့ မီးလောင်ဆုံးရှုံးခဲ့ရသည့်အတွက် ဒဏ်ရာရရှိသူ အမျိုးသမီးအား လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ရေး တမူးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိပြီး နေအိမ်အား မီးရှို့ဖျက်ဆီး၍ လူသေဆုံးစေခဲ့သူ ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပုလောမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းတွင် CDM လုပ်ဆောင်လာအောင် စည်းရုံးလှုံ့ဆော်သူအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၄

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ Facebook လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသား၍ CDM တွင် ပါဝင်လုပ်ဆောင်လာအောင် စည်းရုံးလှုံ့ဆော်နေကြောင်း သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းဖော်ထုတ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် ပုလောမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းတွင် နေထိုင်သည့် ကောင်းထက်အောင်(ဘ)ဦးသက်ဦးလွင် (၂၈)နှစ်အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီး ထိန်းသိမ်းထားသူ ကောင်းထက်အောင်သည် ၎င်း၏ ko Aung facebook Account ဖြင့် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သော သတင်းများ ရေးသား၍ ဆူပူအုံကြွမှု ဖြစ်ပေါ်အောင် လှုံ့ဆော်ခြင်း၊ အစိုးရဝန်ထမ်းများ CDM လုပ်ဆောင်လာအောင် လှုံ့ဆော်ရေးသားခြင်းနှင့် Dr.Sa Sa နှင့် CRPH ကို ထောက်ခံအားပေးသည့် စာသားများအား တစ်ဆင့်မျှဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းထားသူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ပုလောမြို့မ ရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်




## ပြည်သူတစ်ဦးအား သတင်းပေးဟုဆိုကာ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်သူများကို ဖမ်းဆီးရမိ

နေပြည်တော် မေ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အောင်မင်္ဂလာရပ် အောင်ဆန်း(၁)လမ်းတွင် နေထိုင်သော ရဲတပ်သားတစ်ဦး၏ ဖခင်ဖြစ်သည့် ဦးမြင့်ဆွေ(စစ်မှုထမ်းဟောင်း)အား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းပေးဟုဆိုကာ တစ်ရပ်ကွက်တည်းနေ ဦးအောင်သန်း အပါအဝင် ဆူပူအကြမ်းဖက်သူအင်အား ၃၀ ခန့်က ၎င်း၏နေအိမ်သို့အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်ရောက်ရှိလာသဖြင့် ယနေ့နံနက် ၁၀ နာရီခန့်တွင် မြိတ်မြို့အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များက သွားရောက်လူစုခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများထဲမှ အောင်သန်း၊ ဇာနည်၊ မြင့်ဆွေ၊ ခင်ကြူ(ခ)ခင်ငယ်တို့ ၃ ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အကြမ်းဖက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးရမိသူများအား မြိတ်မြို့မရဲစခန်းတွင် (ပ)၁၂၃/၂၀၂၁ ရာဇသတ်ကြီးဥပဒေပုဒ်မ၊ ၁၄၃/၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၄

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

နေပြည်တော် ဧပြီ ၄

ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက် ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရှိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်



❒ ကျောဖုံးမှ

"CICC ကို တိုင်ကြားမှု စုစုပေါင်း ၂၅၃ ခုထဲက ၂၅၃ ခုကို ဖြေရှင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဖြေရှင်းဆောင်ရွက်ဆဲကတော့ ၂၆၈ ခု ရှိပါတယ်။ အခုဆိုရင် စားသုံးသူတွေပြည်သူတွေ ပိုပြီးအဆင်ပြေစေဖို့ ဂဏန်း ၄ လုံးပါ ဖုန်းနံပါတ်ကို နှိပ်ပြီး အလွယ်တကူ တိုင်ကြားနိုင်တဲ့ Consumer Call Center ကိုလည်း ဆောင်ရွက်နေပါပြီ" ဟု စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် Consumer Call Center အား နေပြည်တော်၌ Main Site အဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတို့၌ Client Site အဖြစ်လည်းကောင်း စတင်ထူထောင်ဆောင်ရွက်သွားမည်ဖြစ်သည်။

Consumer Call Center တွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအနေဖြင့် Consumer Call Center Device များ စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်စေရန် ရည်ရွယ်၍ Call Center User Training သင်တန်းကို နေပြည်တော်၌ ဖေဖော်ဝါရီလအတွင်းက ဖွင့်လှစ်ခဲ့ပြီး ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။ ကေကေ

❍ ကျောဖုံးမှ

ဒုတိယဂိုးရရှိခဲ့ပြီး ဆာလာက သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ယနေ့ပွဲစဉ်တွင် လီဗာပူးအသင်းကို ထိုးဖောက်တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့သော်လည်း လီဗာပူးအသင်း၏ ခံစစ်နှင့် ဂိုးသမား ဘက်ကာတို့ ကာကွယ်နိုင်မှုကြောင့် လိုအပ်နေသည့် ဂိုးများနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။ လီဗာပူးအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် မာနေး၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျိုတာက သွင်းယူပေးနိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုပွဲရှုံးနိမ့်မှုကြောင့် ပွဲ ၃၀ ကစားပြီး ၄၂ မှတ် ရရှိထားသည်။ လာမည့်ပွဲစဉ်အဖြစ် ဧပြီ ၉ ရက်တွင် ယူရိုပါလိဂ်ဖြိုင်ပွဲ၌ ချက်ကလပ် ပရောဂ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လီဗာပူးအသင်းက ယခုပွဲအနိုင်ရရှိမှုကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် နီးစပ်လာခဲ့သည်။ လာမည့်ပွဲစဉ်အဖြစ် ဧပြီ ၇ ရက်တွင် ချန်ပီယံလိဂ်ဖြိုင်ပွဲ၌ ရီးရဲမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသောပွဲစဉ်များတွင် ချယ်ဆီးအသင်းက ဝက်စ်ဘရွန်းအသင်းကို ငါးဂိုး-နှစ်ဂိုး၊ ရက်ဖီးလ်အသင်းက လိဒ်စ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ လက်စတာအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အသီးသီး ရှုံးနိမ့်ခဲ့သည်။ အောင်ဇော်

## သံတွဲမြို့ ဒွါရာဝတီမြို့သစ်ရှိ အောင်မြေသာစည် ပရိယတ္တိစာသင်တိုက်ဆရာတော် အန္တိမအဂ္ဂိရှာပနပူဇာ ပြုလုပ်ရန်အတွက် အလှူငွေများ လှူဒါန်း

နေပြည်တော် ဧပြီ ၄

ရခိုင်ပြည်နယ် သံတွဲမြို့ ဒွါရာဝတီမြို့သစ်ရှိ အောင်မြေသာစည် ပရိယတ္တိစာသင်တိုက်ဆရာတော် ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ၏ အန္တိမ အဂ္ဂိရှာပနပူဇာကို ဧပြီ ၃ ရက်တွင် အဆိုပါစာသင်တိုက်၌ ပြုလုပ်သည်။

အဆိုပါ အန္တိမ အဂ္ဂိရှာပနပူဇာသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် အဖွဲ့ဝင်များက သွားရောက်၍ ဆရာတော်၏ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကာ အန္တိမ အဂ္ဂိရှာပန ကျင်းပရေးကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၄

ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြပွဲစတုတ္ထနေ့တွင် ရတနာကုန်သည်များက မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ရှိ ကျောက်မျက်အရိုင်းတွဲများအား လည်းကောင်း၊ ခန်းမအပြင် သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းသည့် ဈေးနှုန်းအဆိုပြုလွှာများကို သတ်မှတ်ရက်များတွင် ဖွင့်ဖောက်ကြေညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပြပွဲ ဒုတိယနေ့နှင့် တတိယနေ့တို့တွင် ပုလဲအတွဲပေါင်း ၃၁၇ တွဲ ပြသရောင်းချခဲ့ရာ ပုလဲအတွဲအားလုံးကို ရောင်းချခဲ့ရကြောင်း သိရသည်။

ကျောက်စိမ်းအတွဲ ၂၁၄၈ တွဲနှင့် ကျောက်မျက် ၁၉၉ တွဲအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်းရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဧပြီ ၁၀ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်သည်။ သတင်းစဉ်





ပြပွဲစတုတ္ထနေ့တွင် ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးနေစဉ်။

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၄

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃ ရက်တွင် တောင်ကြီးမြို့ ကန်သာရပ်ကွက် နယ်မြေ(၂) ရှုခင်းသာလမ်းရှိ အဆောက်အအုံအတွင်းမှ အမျိုးသား ၈ ဦးကို ဓားများ၊ ဂျင်ကလီများ၊ ရှော့တိုက်ဝိုင်ယာကြိုးတပ်ဆင်ထားသည့် ဘက်ထရီအိုး ၂ လုံး၊ မီးစာတပ်ထားသည့် ဓာတ်ဆီနှင့်ဒီဇယ်ဖန်ပုလင်း အလုံး ၂၀ နှင့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း၊ လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် မီးပွိုင့်အနီး၌ အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၃ ဦးတို့ကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း၊ ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာရှိ အောင်နိုင်(ဘ) ဦးလှရွှေ၏ နေအိမ်၌ လက်လုပ်သေနတ် ၅ လက်နှင့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း၊ ဘားအံမြို့ အမှတ်(၆)ရပ်ကွက် အေးနန္ဒာလမ်းရှိ ဦးသိန်းနိုင် (ဘ) ဦးငွေမြင့်အား ၎င်း၏နေအိမ်၌ လက်လုပ်သေနတ် ၃ လက်နှင့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့် လည်းကောင်း၊ ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ချောင်းတောင်တံတား၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်စဉ် ကော့ကရိတ်မြို့ဘက်မှ လမ်းလျှောက်လာသည့် လသာ(ဘ) ဦးမောင်နီရေကို လက်လုပ်သေနတ် ၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပဲခူးမြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဥဿာမြို့သစ်(၉) ရပ်ကွက်၊ ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးရှိ "ကြယ်စင်ဟိုန်း" ထမင်းဆိုင်အနီးရှိ ရေမြောင်းအတွင်းမှ ကော်ပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်လေသေနတ် ၁ လက်ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်ရန်ပြု တိုက်ခိုက်

အလားတူ ယနေ့နံနက် ၃ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် ဗန်းမော်မြို့နယ် ခွန်သာရပ်ကွက်အရောက်၌ ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ ဂျင်ကလိ၊ မီးပုလင်းများဖြင့် အကြမ်းဖက်ရန်ပြု တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ပြီး အကြမ်းဖက်သူလူအုပ်စုအတွင်းမှ ဇော်လင်း(၆၁) နှစ် (ဘ)ဦးထယ်ပါ အမျိုးသား ၃ ဦး၊ အမျိုးသမီး ၂ ဦးတို့ကို အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ဂျင်ကလိ ၁၀ ချောင်း၊ သံဆူးခွ ၁၀ ခု၊ မီးစာတပ်ဆင်ထားသည့် ဓာတ်ဆီပုလင်း ၄၁ လုံး၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပိုက် ၄ ချောင်းနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နံနက် ၈ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှည့်ကင်းဆောင်ရွက်နေစဉ် မဟာအောင်မြေမြို့နယ် လမ်း ၄၀၊ ၆၇ x ၆၈ လမ်းထောင့်အရောက်၌ ပုသိမ်ကြီးမြို့နယ် ရန်ကင်းသာရပ်ကွက်နေ အောင်ဘုန်းခန့်ပါ ၃ ဦး စီးနင်းလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ၎င်းတို့လွယ်ထားသော ကျောပိုးအိတ်များအတွင်းမှ ဂျင်ကလိ ၅ ချောင်း၊ သံတုတ် ၂ ချောင်း၊ ဓား ၁ လက်၊ လက်လုပ်မိုင်း ၂ လုံး၊ မီးခိုးဗုံး ၁ လုံးနှင့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့သည် ဆက်လက်ထွက်ခွာခဲ့ရာ မဟာအောင်မြေမြို့နယ်၊ (၃၅)လမ်း ၆၈ x ၆၉ လမ်းကြားအရောက်၌ အမျိုးသား ၂ ဦးသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မြင်သည်နှင့် အိမ်အမှတ်(၄)အတွင်းသို့ ပြေးဝင်သွားသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းနေအိမ်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ နေအိမ်အတွင်းမှ မောင်သန့်ပါ အမျိုးသား ၂ ဦး၊ လက်လုပ်သေနတ် ၂ လက်နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မုံရွာမြို့၊ ကန်သာဦးရပ်ကွက်နေ ယာဉ်မှန်စန်း (၃၅)နှစ် (ဘ) ဦးကျော်ဆန်း၏ ပစ္စည်းအဟောင်းအရောင်းအဝယ်ဆိုင်သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ယာဉ်မှန်စန်းအားမတွေ့ရှိရဘဲ ၎င်းဆိုင်အတွင်းမှ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် မီးစာတပ်ဆင်ထားသော ဓာတ်ဆီပုလင်း ၄၄ လုံး၊ ဂျင်ကလိ အချောင်း ၄၀၊ လက်လုပ်သေနတ် ၂ လက်၊ လက်လုပ်ဗုံး ၂ လုံး၊ ဓား ၃ ချောင်းနှင့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ တီးတိန်မြို့နယ် ခိုင်ကမ်းစစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ စစ်ဆေးရှာဖွေစဉ် ဟားခါးမြို့ဘက်မှ ကလေးမြို့ဘက်သို့ ထင်အောင်ထွန်း(ဘ) ဦးတင်ထွန်းမောင်းနှင်လာသည့် TOYOTA HIAGE အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နောက်ခန်းအတွင်း ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသည့် လေသေနတ် ၁ လက်၊ လက်လုပ်သေနတ် ၂ လက်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။



အမှုဖွင့်လှစ်ဆောင်ရွက်

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့်လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီး ထိန်းသိမ်းရမိသူများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရသူ သရုပ်ဆောင် ရဲတိုက်(ခ)လင်းထွန်းအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရသူ သရုပ်ဆောင်ရဲတိုက်(ခ)လင်းထွန်းအား ဧပြီ ၃ ရက်တွင် စိတ်ကြွရူးသွပ် ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၃ ရက် ည ၈ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရန်ကုန်မြို့အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မရမ်းကုန်းမြို့နယ်သမိုင်းလမ်းဆုံအရောက်၌ ကျိုက်ဝိုင်း ဘုရားလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ မြောက်ဒဂုံမြို့နယ် အမှတ်(၉) ရပ်ကွက်နေ ရဲတိုက်(ခ)လင်းထွန်း (၃၇)နှစ် (ဘ)ဦးထွန်းညွန့်မော်ဖြစ်ကြောင်း သိရှိရပြီး ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ပြား၊ ပြုပြင်ထားသော ဂက်(စ်) မီးခြစ် ၂ လုံး၊ ထိပ်တွင် ခဲပြားပတ်ထားသည့် အအေးပိုက် ၁ ချောင်း၊ ခဲပြားအပိုင်းအစ ၂ ခုနှင့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ရဲတိုက်(ခ) လင်းထွန်းအား ဘုရင့်နောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်စစ်ဆေးလျက်ရှိပြီး ၎င်းသည် ဆူပူဆန္ဒပြမှုများ၌ ပါဝင်ခဲ့သဖြင့် မတ်လ ၁၅ ရက်နေ့တွင် လသာမြို့နယ် ရဲတပ်ဖွဲ့စခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရသူဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်





# ကော့ကရိတ်မြို့မရဲစခန်းရှိ လိုင်းခန်းအနီး၌ လက်ပစ်ဗုံးဟောင်း ၁ လုံး တွေ့ရှိ


နေပြည်တော် ဧပြီ ၄


ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ကော့ကရိတ်မြို့မရဲစခန်းရှိ နေအိမ်လိုင်းခန်းအနောက်ဘက် ရေတိုင်ကီအနီး၌ လက်ပစ်ဗုံးဟောင်းတစ်လုံးကို ယနေ့နံနက် ၈ နာရီခန့်တွင် တွေ့ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးသိမ်းဆည်းခဲ့သည်။

အဆိုပါလက်ပစ်ဗုံးဟောင်းကို အများပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ အမယ် လေးမျိုး လှူဒါန်း

နေပြည်တော် ဧပြီ ၄

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ် အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့ မဟာဝိဟာရကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ဝိုင်းထော်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာရှိ ရိုးကြီးကျောင်းတိုက်တို့ရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုညကာရီကျောင်းတိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် လင်းခေးမြို့ မဟာဝိဟာရကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်




## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၄

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများကို COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀) မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၅၄ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများအား အနှောင့်အယှက်ဖြစ်စေသည့် အဖျက်လုပ်ရပ်များ လုပ်ဆောင်နေသည့် အကြမ်းဖက် အဖျက်သမားများအား ဖမ်းဆီးရမိရေး သတင်းထုတ်ပြန်ချက်

နေပြည်တော် မေ ၄

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ဆန္ဒဖော်ထုတ်မှုများသည် ဒီမိုကရေစီယဉ်ကျေးမှုအရ မိမိတို့၏ဆန္ဒကို ဖော်ထုတ်ပြသသည့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်း (Peaceful Protests) အဆင့်မှ လူစုလူဝေးဖြင့် ဆူပူဆန္ဒပြမှု(Riots)သို့ပြောင်းလဲခဲ့ပြီး NLD ပါတီဝင် တက်ကြွလှုပ်ရှားသူများ၊ NLD ပါတီအစွန်းရောက် ထောက်ခံသူများ၏ ဦးဆောင်လှုပ်ရှားမှု၊ နောက်ကွယ်မှ ကြိုးကိုင်စီစဉ်မှုများကြောင့် အချို့မြို့ကြီးများတွင် မင်းမဲ့စရိုက်ပုံစံ လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက် ဆန္ဒပြမှု(Anarchy Mob) အသွင် ဖြစ်ပေါ်ခဲ့ပါသည်။

Anarchy Mob အသွင် လှုပ်ရှားမှုများကို လုပ်ဆောင်ရာတွင် NLD ပါတီဝင် အစွန်းရောက်များနှင့် တရားဥပဒေချိုးဖောက်ပြီး ထွက်ပြေးတိမ်းရှောင်နေသော ဝရမ်းပြေးများသည် NLD ပါတီ အာဏာ ပြန်လည်ရရှိရေးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှုယန္တရားရပ်ဆိုင်းရေးအတွက် CDM လှုပ်ရှားမှုနှင့်အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်း၊ ရဲစခန်းများအား လူစုလူဝေးဖြင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခြင်း၊ အစိုးရရုံး၊ ဌာန၊ စာသင်ကျောင်းများ မီးရှို့ခြင်းအပါအဝင် လက်နက်ကိုင်ပုန်ကန် အကြမ်းဖက်သည့်အသွင် (Insurrection) အဆင့်သို့ ရောက်ရှိခဲ့ပါသည်။

ယခုအခါ ဆူပူဆန္ဒဖော်ထုတ်မှုများသည် သိသိသာသာ အင်အားလျော့နည်းလာသော်လည်း NLD ပါတီဝင် အစွန်းရောက်များ၏ ဦးဆောင်ပါဝင်မှုနှင့် အကြမ်းဖက်သမားများအား အခကြေးငွေပေး၍ ခိုင်းစေမှုများကြောင့် အချို့မြို့ကြီးများတွင် ဆူပူအကြမ်းဖက်ဆန္ဒပြမှုများနှင့်အတူ အကြမ်းဖက်လုပ်ငန်းများဖြစ်သည့် အပြစ်မဲ့ပြည်သူများ၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြောင်းမဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ မြို့ရွာများ မတည်မငြိမ်ဖြစ်စေရန် မီးကွင်းပစ်မီးရှို့ခြင်း၊ ဓာတ်ဆီပုလင်းများဖြင့် ပစ်ပေါက်ခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် လက်နက်များကိုင်ဆောင်ထားသည့် အကြမ်းဖက်အဖွဲ့ငယ်များကို ဖွဲ့စည်းပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်နေသည့် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း အိမ်သုံးမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို အုပ်စုဖွဲ့လျက် လှည့်လည်ကာ အသင့်ယူဆောင်လာသော ဓာတ်ဆီပုလင်းများ၊ တာယာဟောင်းအပါအဝင် မီးလောင်လွယ်သည့် လောင်စာများအား လမ်းမကြီးများပေါ်တွင် စုပုံမီးရှို့ခြင်း၊ ၎င်းတို့မီးရှို့မှုကို တားမြစ်သည့် ပြည်သူများအားရန်ရှာခြင်း၊ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူများအား ခြိမ်းခြောက်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ၎င်းတို့ကိုယ်တိုင် တင်ထားသည့် သတင်းများ လူမှုကွန်ရက်များတွင် မြင်တွေ့ရပါသည်။

၎င်းတို့၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် အဓိကဦးတည်ပြီး နိုင်ငံအနှံ့ မြို့ရွာများ မတည်မငြိမ်ဖြစ်ပြီး မီးလောင်မှုများဖြစ်ပွားနေကြောင်း နိုင်ငံတကာနှင့်ပြည်သူများ အထင်အမြင်လွဲမှားအောင် ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။ ၎င်းအပြင် မီးရှို့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်သကဲ့သို့ သတင်းအတုများ ပုံဖော်ဖန်တီးပြီး အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်တိုက်ပေးခြင်းကဲ့သို့သော ကောက်ကျစ်သည့်လုပ်ရပ်များအား စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် ဝင်ရောက်လာပြီး မီးရှို့မှုများပြုလုပ်နေသည့် အကြမ်းဖက်အဖျက်သမားများ မိမိတို့၏ ရပ်ကွက်၊ ကျေးရွာများသို့ ဝင်ရောက်လာပါက သက်ဆိုင်ရာ အနီးဆုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အချိန်မီ တိုင်ကြားနိုင်ကြောင်းနှင့် အဆိုပါ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တာဝန်သိမိဘပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုကြုံရပါက တိုင်ကြားနိုင်မည့် Consumer Call Center တည်ဆောက်သွားမည်

နေပြည်တော် မေ ၄

ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုကြုံရပါက စားသုံးသူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ အလွယ်တကူ ဆက်သွယ်တိုင်ကြားနိုင်ရန် စားသုံးသူများ အလွယ်တကူ ဆက်သွယ်နိုင်မည့်စင်တာ (Consumer Call Center) ကို ၂၀၂၁ ခုနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစင်တာသို့ စားသုံးသူပြည်သူများအနေဖြင့် ဆက်သွယ်ရာတွင် အလွယ်တကူ မှတ်သားဆက်သွယ်နိုင်စေရန်အတွက် ဂဏန်း ၄ လုံးပါ ဖုန်းနံပါတ်(four digit number) အသုံးပြုနိုင်ရေးအတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Telecommunication Services Provider များသို့ ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

စားသုံးသူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ(CICC)သို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်များမှ တိုင်ကြားမှု စုစုပေါင်း ၅၂၁ ခု ရှိကြောင်း သိရသည်။

*စာမျက်နှာ ၂၈ ကော်လံ ၁* ❐

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၄

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

မေ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် နို့ပြည်ရခိုင်ပုံရိပ်အချပ်ပိုကို မေ ၁၄ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို မေ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသား ဘာသာအချပ်ပိုကို မေ ၁၈ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၂၀ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ နောက်ထပ်ဖြစ်ပွားမှုနှင့် ရင်ဆိုင်ရ
စာ ၁၃

ကိုဗစ်ကာလ ကန့်သတ်ပိတ်ဆို့မှုတွေကြောင့် အခက်ကြုံနေတဲ့ ဖိလစ်ပိုင် လူမှုဘဝများ
နိုင်ငံတကာရေးရာ စာ ၁၄

ပြည်သူတွေရဲ့ ကျန်းမာရေး ကွက်လပ် ဖြည့်ပေးပါ
ဆောင်းပါး စာ ၁၆



## လီဗာပူးကို ရှုံးနိမ့်သဖြင့် နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ရသည့် အာဆင်နယ်

ပရီမီယာလိဂ်ပွဲစဉ် (၃၀) အဖြစ် မေ ၄ ရက် နံနက်ပိုင်းက အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးအသင်းအတွက် ဂိုးများကို ဂျိုတာနှင့် ဆာလာတို့က သွင်းယူပေးခဲ့သည်။

အာဆင်နယ်အသင်းသည် လာမည့်နှစ် ယူရိုပါလိဂ်ဝင်ခွင့်ရရှိရန်အတွက် လီနို၊ ချမ်ဘာစ်၊ ဟိုဒင်၊ ဂါဘရီရယ်၊ တီယာနေ၊ ပါတေး၊ စီဘာယ်လော့စ်၊ ပီပီ၊ အိုဒီဂတ်၊ အူဘာမီဘန်၊ လာကာဇက် စသည့်ကစားသမားများဖြင့် လီဗာပူးအသင်းကို ရင်ဆိုင်လာခဲ့သည်။ လီဗာပူးအသင်းက ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်အတွက် ဘက္ကာ၊ ရော်ဘတ်ဆန်၊ ကာဘက်၊ ဖီးလစ်၊ အာနီး၊ မီလ်နာ၊ ဖာဘင်ဟို၊ အယ်ကန်တာယာ၊ မာနေး၊ ဖာမီနို၊ ဆာလာ စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

အသင်းကြီးနှစ်သင်း ထိပ်တိုက်တွေ့ဆုံနေသည့်အတွက် ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ပထမပိုင်းကို ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ ဒုတိယပိုင်း ၆၄ မိနစ်တွင် လီဗာပူးအသင်း အဖွင့်ဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို အာနီး၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျိုတာက သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၆၈ မိနစ်တွင် လီဗာပူးအသင်း

*စာမျက်နှာ ၂၈ ကော်လံ ၁* ❍